မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၇ ရက် | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၄၉)

ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

နေပြည်တော် စက်တင်ဘာ ၁၅

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ (International Day of Democracy 2018) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဖွင့်အမှာစကားပြောကြားရာ၌ ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိကြသည့် နိုင်ငံအသီးသီးတွင် နှစ်စဉ် စက်တင်ဘာ ၁၅ ရက် ရောက်တိုင်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားများကို ကျင်းပပြုလုပ်လျက်ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးခဲ့သည့် ၂၀၁၁ ခုနှစ်က စတင်ပြီး နှစ်စဉ်ကျင်းပပြုလုပ်လာခဲ့ရာ ယခုနှစ်တွင် (၈) ကြိမ်ရှိလာပြီ ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် နိုင်ငံတကာ ပါလီမန်များအဖွဲ့ (IPU- Inter-Parliamentary Union)က သတ်မှတ် ရွေးချယ်ထားသော ဆောင်ပုဒ်သည် "Oversight" ဖြစ်ပြီး မိမိတို့ လွှတ်တော်အနေဖြင့် "ဒီမိုကရေစီ ရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး"ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့ပါကြောင်း၊ တစ်ကမ္ဘာလုံးအတွက် သတ်မှတ်ရွေးချယ်ထားသည့် ယခုနှစ်ဆောင်ပုဒ်သည် မိမိတို့ နိုင်ငံ၏လက်ရှိ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ဖြစ်စဉ်နှင့် လွန်စွာကိုက်ညီမှုရှိပြီး

စာမျက်နှာ ၃ ကော်လံ ၁ ❖

ရန်ကုန်-မန္တလေးရထားလမ်းမှ ရေကြီးရေလျှံမှုတွင် မျောပါသွားသော တံတားအမှတ်(၃၀၅)ကို ယာယီပြင်ဆင်မှု ပြီးစီးလုနီး

ရေတာရှည် စက်တင်ဘာ ၁၅

ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ဆွာမြို့နှင့် ကုန်းကြီးဘူတာအကြားရှိ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းများဆိုးရွားစွာ ပျက်စီးခဲ့ခြင်းကြောင့် မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ ဝန်ထမ်းအင်အား ၃၀၀ ကျော်ဖြင့် နေ့ရောညပါ ပြုပြင်ဆောင်ရွက်လျက်ရှိရာ အစုန်လမ်းနှင့် အဆန်လမ်းပိုင်း၌ စက်ယန္တရား ဘက်ဟိုးယာဉ်ခြောက်စီးအသုံးပြုကာ မြေသားဖို့၍ ကျောက်ကြီးများချခြင်း၊ ရထားသံလမ်းများ ဆွဲတင်ခြင်းလုပ်ငန်းများ ပြီးစီးလုနီးပါးဖြစ်နေပြီဖြစ်ကြောင်း ဒုတိယအထွေထွေမန်နေဂျာက ပြောသည်။

လက်ရှိ ရထားလမ်းပိုင်း မိုင်တိုင် ၁၉၈/၂၀ နှင့် ၂၂ အကြား ကျိုးပြတ်မျောပါသွားသော တံတားအမှတ် (၃၀၅)ကို ယာယီရထားများ သွားလာနိုင်ရန်

စာမျက်နှာ ၈ ကော်လံ ၁ ❒

မြန်မာ့အလင်း

မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ မျှော်လင့်ချက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့က ဟနွိုင်းမြို့ရှိ **National Convention Center** ၌ ကျင်းပသည့် အာဆီယံဒေသဆိုင်ရာ (၂၇) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲနှင့် မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။ ထိုကဲ့သို့ တက်ရောက်အမှာစကား ပြောကြားရာ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုဆိုင်ရာ မြန်မာနိုင်ငံနှင့် အာဆီယံတို့၏ အခန်းကဏ္ဍအပေါ် ဆွေးနွေးတင်ပြခဲ့ပါသည်။

ပထမဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလ၌ တိုးတက်ပြောင်းလဲနေသော နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ထိုးဖောက်ဆောင်ရွက်ရန် လိုအပ်ပုံကို အလေးအနက်ထား ပြောကြားခဲ့ပါသည်။ ဤကဲ့သို့ အလေးအနက်ထားပြောကြားရာ၌လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းသုံးစွဲမှု လျင်မြန်စွာ တိုးပွားလာမှုကို ဥပမာပေးပြောကြားခဲ့ပါသည်။ ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏မိုဘိုင်းဖုန်းသုံးစွဲမှုသည် တစ်ရာခိုင်နှုန်းအောက်မှ ၁၀၅ ရာခိုင်နှုန်းသို့ ခုန်တက်တိုးပွားခဲ့ပါသည်။ ဤကဲ့သို့ စိန်ခေါ်မှုများကို ရင်ဆိုင်ရာ၌ ယှဉ်ပြိုင်မှုများအား ကြောက်ရွံ့ရန်မလိုသည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။

စက်မှုအသွင်ကူးပြောင်းရေးဆောင်ရွက်ရာ၌ လူသားတို့၏ အခန်းကဏ္ဍသည်သာ ပဓာနဖြစ်သည်ကိုလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မီးမောင်းထိုး တင်ပြခဲ့ပါသည်။ အဆိုပါလူသားတို့၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ခေါင်းဆောင်ဟူသည် တီထွင်နိုင်မှုအပါအဝင် မျှဝေခံစားမှုတို့နှင့် ဆက်စပ်လျက်ရှိသည်ကို တင်ပြဆွေးနွေးခဲ့ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတို့၏ စက်မှုလုပ်ငန်းများ ထူထောင်ရေးဖြစ်စဉ်တို့အပေါ် ဆွေးနွေးတင်ပြရာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်ချိန်က ကျွမ်းကျင်မှုနည်းပါးသော လုပ်သားများအပေါ် မှီခိုရာမှ ယခုအခါ အာဆီယံနိုင်ငံများအနေဖြင့် ကျွမ်းကျင်မှုနှင့် နည်းပညာတိုးတက်ရေးအတွက် ပြင်ဆင်ရန် လိုအပ်သည်ကို ထောက်ပြဆွေးနွေးခဲ့ပါသည်။ အဆိုပါစက်မှုလုပ်ငန်း အပြောင်းအလဲဖြစ်စဉ်အား ဖော်ဆောင်ရာ၌ ပညာရေးအား လက်တွေ့ကျသည့် အရည်အချင်းပြောင်းလဲမှုအဖြစ် ဖော်ဆောင်ပေးရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုက်တွန်းတင်ပြခဲ့ပြီး လူငယ်တို့၏ တီထွင်ကြံဆနိုင်မှု အတွေးအခေါ်တို့အား လှုံ့ဆော် တွန်းအားပေးရန်ပါ အကြံပြုဆွေးနွေးခဲ့ပါသည်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံအနေဖြင့် စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလသို့ ကူးပြောင်းဆောင်ရွက်ရာတွင် ပြည်သူများအတွက် ငွေကြေးဆိုင်ရာ လုံခြုံမှုသာမက အခြားသော လုံခြုံမှုများဖြင့်ပါ ဆောင်ရွက်နိုင်ရန် မျှော်လင့်ကြောင်း တင်ပြဆွေးနွေးခဲ့မှုသည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ မျှော်လင့်ချက်ကို တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ ပုဂ္ဂလိကသားငါးထုတ်လုပ်မှုဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံငါးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် စက်တင်ဘာ ဒုတိယပတ်က ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများကို သီးခြားစီတွေ့ဆုံပြီး အမှာစကား ပြောကြားသည်။

ယင်းနောက် အဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးရာ၌ နိုင်ငံ၏စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည့် အသားကဏ္ဍဖွံ့ဖြိုးရေးနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အပိုင်းမှ ဥပဒေများပြင်ဆင်ဖြေလျှော့ပေးခြင်း၊ လိုအပ်သောဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း နည်းပညာအပါအဝင် လိုအပ်ချက်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြည့်ဆည်း ကူညီဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့်လည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လေးစားလိုက်နာဆောင်ရွက်ကြစေလိုကြောင်း။

ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသော ဖိုရမ်များတွင် ဆွေးနွေးခဲ့ကြသည့် တင်ပြချက်များအပေါ် လက်တွေ့အကောင်အထည်ဖော်နိုင်မှု၊ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များ စသည်တို့ကို စဉ်ဆက်မပြတ် အနီးကပ်စောင့်ကြည့်ပြီး ဝန်ကြီးဌာနနှင့် အသင်းအဖွဲ့များအကြား ဆက်စပ်ဆောင်ရွက်ပေးမည့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်မှသာ မူလရည်ရွယ်ချက်ကို ထိထိရောက်ရောက် အကောင်အထည်ပေါ်လာစေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မူလလယ်ယာမြေများကို အခြားနည်း သုံးစွဲခွင့် လျှောက်ထားလာမှုအပေါ် စိစစ်ခွင့်ပြုရာ၌ သီးနှံပြောင်းလဲစိုက်ပျိုးမှုလုပ်ငန်း၊ သားငါးမွေးမြူရေး လုပ်ငန်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် သတ်မှတ်ချက်များ ဖြေလျှော့ပေးထားပြီးဖြစ်သကဲ့သို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အနေဖြင့်လည်း အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်ပေးလျက်ရှိသဖြင့်ဥပဒေနှင့်အညီ လျှောက်ထားလုပ်ကိုင်ကြရန်လိုအပ်ချက်များ၊ တစ်နှစ်လျှင် တန်ချိန် ၁ ဒသမ ၆ သန်းကျော် လိုအပ်လျက်ရှိသော မွေးမြူရေးအစာအစာကုန်ကြမ်းများ ဖူလုံစွာရရှိရေးကို စိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် ချိတ်ဆက်ပေးခြင်း၊ သားငါးဆိုင်ရာ ထွက်ကုန်များ၊ နို့နှင့် နို့ထွက်ပစ္စည်းဆိုင်ရာ ထွက်ကုန်များနှင့်ပတ်သက်၍ ပြည်တွင်းထုတ်လုပ်မှုကိုအထောက်အကူဖြစ်စေရေးသာမက အစားအစာဘေးကင်း လုံခြုံရေး၊ အာဟာရပြည့်ဝရေးတို့အတွက် လိုအပ်သော စိစစ်ထိန်းကျောင်းမှုများကို ဆောင်ရွက်ရန်အတွက် အားလုံးပူးပေါင်းလုပ်ဆောင်သွားရန်လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောင်းသားလူငယ်များ နှုတ်မှုစွမ်းရည်တိုးတက်လာစေရန် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

ကျောင်းသားလူငယ်များ နှုတ်မှုစွမ်းရည်တိုးတက်စေရန်၊ အများရှေ့တွင် ပြောရဲဆိုရဲဖြစ်စေရန်၊ စာဖတ်စွမ်းရည် မြင့်မားလာစေရန်ရည်ရွယ်၍ ယမန်နေ့က အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဒက္ခိဏခရိုင်ရုံး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအေးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းကျောင်းသုံးကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ ကျောင်းသားနှင့်စည်းကမ်း၊ စာအုပ်စာပေလူ့မိတ်ဆွေ ခေါင်းစဉ်သုံးခုဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်(ဝဲပုံ)နှင့် တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ဆိုင်ကယ်မောင်းနှင်သူများအား ရောင်ပြန်စတစ်ကာတပ်ဆင်ပေး

နေပြည်တော် စက်တင်ဘာ ၁၅

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ် (၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဇေယျာသီရိမြို့နယ်မှ ဒုရဲအုပ်အောင်မင်းနိုင် ဦးစီးမှုဖြင့် ပြည်စုံအောင် အထက ကျောင်းအုပ်ဆရာကြီး ဦးထွန်းထွန်းဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး/ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဆိုင်ကယ်စီးနင်းသူများကို ရောင်ပြန်စတစ်ကာများ တပ်ဆင်ပေးခြင်းကို စက်တင်ဘာ ၁၂ ရက်က ပြည်စုံအောင် အထကရှေ့ ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်တွင် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆိုင်ကယ်စီးဦးထုပ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။ **ကိုကိုရှုပ (နေပြည်တော်)**

သီဟဖောင်ဒေးရှင်းမှ ဆွာရေဘေးသင့် ပြည်သူများအတွက် ဆန်အိတ် ၂၂၀ သွားရောက်လှူဒါန်း

မန္တလေး စက်တင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီးရှိ ဆွာရေကာတာ ကျိုးပေါက်မှုကြောင့် ဆွာ၊ ရေတာရှည်နှင့် ဖြူးမြို့နယ်များရှိ ရေးဘေးသင့်ပြည်သူများအတွက် မန္တလေးမြို့ သီဟဖောင်ဒေးရှင်းမှ ဆန်အိတ် ၂၂၀ ကို ယမန်နေ့က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ထိုသို့ လှူဒါန်းရာတွင် အမှန်တကယ် လိုအပ်နေသည့် ကျေးရွာများကို ရွေးချယ်ကာ စက်လှေများဖြင့် သွားရောက်၍ အိမ်ထောင်စုလူဦးရေအလိုက် ထောက်ပံ့လှူဒါန်းပေးခြင်းဖြစ်ကြောင်း သီဟဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပြောသည်။

အဆိုပါဖောင်ဒေးရှင်းက ပဲခူးတိုင်းဒေသကြီး မြို့နယ် သုံးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၀ တွင်ရှိသည့် ရေဘေးရှောင်စခန်းများနှင့် ယင်းကျေးရွာများတွင် နေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၂၀ နှင့် ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ထင်သာမြင်သာ ပြုပြင်စရာ

ဇန်းမော်-ကသာ ကားလမ်းပျက်စီးနေ၍ ပြုပြင်ပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင်သို့ သွားရောက်သည့် ကားလမ်းကြီးသည် ယခုအခါ ဗွက်အိုင်ချိုင့်ခွက်များဖြစ်ပေါ်ကာ ကားများ၊ ဆိုင်ကယ်များ သွားလာရာတွင် အခက်အခဲရှိနေကြောင်း သိရသည်။

အဆိုပါလမ်းမှာ အနီးအနားရှိ ကျေးရွာဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ သွားလာအသုံးပြုနေသော အဓိကလမ်းမကြီးဖြစ်ရာ မိုးတွင်းကာလများတွင် အဆိုပါလမ်းကို အသုံးပြု၍ သွားလာနေကြသူများမှာ ချိုင့်ခွက်များကို ရှောင်၍ ယာဉ်များမောင်းနှင်ရာတွင် ယာဉ်အန္တရာယ်နှင့် ကြုံတွေ့နိုင်သောကြောင့် ထိုလမ်း၏ ၄၈ ကီလိုမီတာနေရာ၏ ပျက်စီးနေသောကားလမ်းအမြန်ဆုံးကောင်းစေရန် သက်ဆိုင်ရာက ပြုပြင်ပေးစေလိုကြောင်း လမ်းအသုံးပြု သွားလာနေသူများထံမှ သိရသည်။ **လဘန်အောင်(ကချင်မြေ)**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့ အနုပညာရှင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ဒီမိုကရေစီစနစ် အခြေခိုင်မာရှင်သန်စေရေးအတွက် မိမိတို့ ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းထိန်းညှိ ဆောင်ရွက်ပေးကြရန် လိုအပ်နေသည့် အချိန်ကာလလည်း ဖြစ်နေသည့်အတွက် အဓိပ္ပာယ်ပြည့်စုံနေသည်ဟု သုံးသပ်မိပါကြောင်း။

ပြည်သူများကို ကိုယ်စားပြု

ကမ္ဘာပေါ်ရှိ ဒီမိုကရေစီကျင့်သုံးသော နိုင်ငံတိုင်းတွင် ဥပဒေပြုလွှတ်တော်များသည် ဒီမိုကရေစီကျင့်စဉ်များ ရှင်သန်အားကောင်းစေရန်အတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်သကဲ့သို့ ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်လည်းဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ အသက်ဝိညာဉ်၊ အသက်သွေးကြောများ ဖြစ်သည်ဟုလည်း ပြောစမှတ်ပြုကြပါကြောင်း၊ ဥပဒေပြုအာဏာကို ကျင့်သုံးကြရသည့် လွှတ်တော်များသည် ပြည်သူများကို ကိုယ်စားပြုပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားနှင့် ပြည်သူများ၏ လိုအပ်ချက်များကို သိရှိခံစားပြီး ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် ပြည်သူလူထုက ချက်ချင်းအကောင်အထည်ပေါ်လာမှုကို မြင်တွေ့လိုကြသော်လည်း ဒီမိုကရေစီ၏ ပင်ကိုအခြေခံသဘောတရားအရ ချက်ချင်းအဖြေထွက်ရန်ထက် အချိန်ကာလကောင်းတစ်ခုယူရန် လိုအပ်သည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် စစ်မှန်သောဒီမိုကရေစီစနစ်မှတစ်ပါး အခြားစနစ်မရှိကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း။

ဒီမိုကရေစီစနစ် ပိုမိုအခြေခိုင်မာလာအောင် အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးညှိနှိုင်း အဖြေရှာပြီး ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ အယူဝါဒစွဲများ မထားရှိကြဘဲ နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် မိမိတို့အားလုံး အတူဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုများကိုလည်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်သွားကြရဦးမည် ဖြစ်ပါကြောင်း။

စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်

ထို့ကြောင့် မိမိတို့၏ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ကြိုးပမ်းဆောင်ရွက်ကြရာတွင် မိမိတို့ ကျရာအခန်းကဏ္ဍကနေပြီး နိုင်ငံတော်နှင့် ပြည်သူများအပေါ် စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် အမြော်အမြင်ရှိရှိ နည်းလမ်းမှန်မှန်ဖြင့် ကိုယ်စီတာဝန်များကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် အနာဂတ်ကာလတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတစ်ရပ်ပေါ်ထွန်းလာရေးလုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါကြောင်း။

ဒီမိုကရေစီဟု ဆိုလိုက်သည်နှင့် စည်းကမ်းနှင့် ဥပဒေဆိုသည်မှာ တစ်ခါတည်းပါလာပြီး ဖြစ်ကြောင်း၊ ဒီမိုကရေစီဆိုကတည်းက စည်းကမ်းနှင့် ဘောင်နှင့် နေကြရသည်ဆိုသည့် အဓိပ္ပာယ်ဖြစ်ပါကြောင်း၊ ထို့အတူ လွတ်လပ်မှုဆိုသည်မှာလည်း စည်းကမ်းနှင့် ဘောင်နှင့်ရှိသည်ကို သိမြင်ရန်လိုပါကြောင်း၊ ဒီမိုကရေစီဆိုသည် လူသားများ၏ လွတ်လပ်ခွင့်များကို အကာအကွယ်ပေးထားသည့် အခြေခံယုံကြည်ချက်များနှင့် ဒီမိုကရေစီစနစ်၏ အောက်တွင် လိုက်နာရမည့် အရေးကြီးသော အခြားအချက်များသည် တရားဥပဒေစိုးမိုးရေးနှင့် အားလုံးတန်းတူညီမျှရေးတို့ပင်ဖြစ်ပါကြောင်း။

မိမိတို့မျှော်မှန်းသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် ပြည်သူများအကြား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ရှင်သန်ခိုင်မာလာအောင် အားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ငြိမ်းချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် ဒီမိုကရေစီစိတ်ဓာတ်နှင့် အလေ့အကျင့်တို့ကို အရင်းခံကာ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်နားလည်မှု၊ ယုံကြည်လေးစားမှု၊ ချစ်ခင်ရင်းနှီး မှုများဖြင့် တောင်ပေါ်၊ မြေပြန့်မခွဲခြားဘဲ ပူးပေါင်းဆောင်ရွက်သွားကြရမည့် အချိန်အခါလည်း ဖြစ်နေပါကြောင်း။

ပြည်သူလူထုတစ်ရပ်လုံးကလည်း ဒီမိုကရေစီအခြေခံအုတ်မြစ်ခိုင်မာရေးဆီသို့ လျှောက်လှမ်းသည့် ခရီးတွင် နီးနီးကြားကြား တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြပြီး ၂၀၁၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ဆောင်ပုဒ်ဖြစ်သော "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိ ဆောင်ရွက်ပေး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်နိုင်ကြစေရန် တိုက်တွန်းနှိုးဆော်ပါကြောင်း ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးကလည်းကောင်း၊ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးကိုယ်စား WHO ကိုယ်စားလှယ် Mr.Stephen Jost က လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် စာတမ်းများဖတ်ကြားခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ကျောင်းသားလူငယ်များ၏ စာတမ်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကိုယ်စားပြုစာတမ်း၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ၏စာတမ်း၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ စာတမ်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၏ စာတမ်း၊ "ဝ" ဒီမိုကရက်တစ်ပါတီ၏စာတမ်း၊ တပ်မတော်သား ကိုယ်စားလှယ်အစုအဖွဲ့၏စာတမ်း၊ လီဆူးအမျိုးသားတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ စာတမ်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ၏စာတမ်း၊ တအာင်း (ပလောင်) အမျိုးသားပါတီ၏စာတမ်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏စာတမ်း၊ ရခိုင်အမျိုးသားပါတီ၏ စာတမ်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ စာတမ်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏စာတမ်းတို့ကို သက်ဆိုင်ရာ ကိုယ်စားလှယ်များက ဖတ်ကြားကြသည်။

ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ဒီမိုကရေစီအကူးအပြောင်းကာလမှ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တစ်ဆင့်ချင်းတက်လှမ်းလာခဲ့ရာ ပြည်သူသည်သာ အဓိကပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြည်သူလူထုကစုပေါင်းပိုင်ဆိုင်ခြင်း၊ ပြည်သူ့ဆန္ဒဖြင့် နိုင်ငံတော်ကို အုပ်ချုပ်ခြင်းသည်သာ ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖတ်ကြားစဉ်။ သတင်းစဉ်

ကာလရှည်ကြာ အခြေခိုင်မာနေသော စနစ်ဟောင်းမှ ဒီမိုကရေစီစနစ်သို့ကူးပြောင်းခဲ့ရာ ပြည်သူများသည် ယုံကြည်မျှော်လင့်ချက်ကြီးမားစွာထားရှိတတ်ပြီး ပြည်သူများ၏ ယုံကြည်မျှော်လင့်ခြင်းများစွာတို့ကိုအကောင်အထည်ဖော် ဆောင်ရွက်ရန်သည် ပြည်သူ့ဆန္ဒဖြင့် ရွေးချယ်ပေးခဲ့သည့် မိမိတို့ကိုယ်စားလှယ်တော်များ၏ တာဝန်များပင် ဖြစ်လာခဲ့ပါကြောင်း၊ ပြည်သူ့ဆန္ဒများ၊ ယုံကြည်မျှော်လင့်ခြင်းများစွာကို မည်မျှအထိ ဖြည့်ဆည်းပေးနိုင်သည်ဆိုသည့် ပမာဏဖြင့်တိုင်းတာပြီး မိမိတို့၏တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန် အထူးအလေးထား ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည်သူများကျင့်ကြံနေထိုင်မှသာ ပိုမိုအားကောင်းသော ဒီမိုကရေစီစနစ်ကို ဖြစ်ပေါ်စေမည် ဖြစ်ပါကြောင်း၊ ပြည်သူများသည် ဒီမိုကရေစီအကျင့်ကောင်းများဖြစ်သည့် အများစု၏ဆန္ဒကို အနည်းစုက လိုက်နာ၊ အနည်းစု၏ဆန္ဒကိုလည်း အများစုက အလေးထားစဉ်းစား၊ မိမိ၏ လွတ်လပ်မှုသည် အများအတွက် မထိခိုက်စေခြင်း၊ မျှော်မှန်းသလောက် ခရီးမရောက်နိုင်သော်ငြား စိတ်ရှည်သည်းခံခြင်းတို့ကို နိုင်ငံသားတိုင်း မြတ်နိုးစွာကျင့်ကြံကြိုးစားကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအရှေ့ကောင်းတစ်ခုကို အတူတကွ ပုံဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။



ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို WHO ကိုယ်စားလှယ် Mr. Stephen Jost ဖတ်ကြားစဉ်။ သတင်းစဉ်

မိမိတို့ ဥပဒေပြုလွှတ်တော်များ အားကောင်းမှသာ ဒီမိုကရေစီစနစ်ပီပြင်စွာ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကိုယ်စားလှယ်တော်ကြီးများ၏ အဓိကတာဝန်ဖြစ်သည့် ခေတ်စနစ်နှင့်ကိုက်ညီမည့် ဥပဒေပြုရေးတာဝန်များကို မြတ်နိုးဖွယ်တာဝန်ဟု မှတ်ယူပြီး ပြည်သူများဥပဒေ၏ အကာအကွယ်ကို တန်းတူရရှိနိုင်ရန်၊ ပြည်သူ့အကျိုးကိုသာ ဖော်ဆောင်ပေးသည့် ဥပဒေများဖြစ်စေရန်၊ ပြည်သူများ အမှန်တကယ် လိုက်နာနိုင်မည့် ဥပဒေများထုတ်ပြန်နိုင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အားလုံးအစွမ်းကုန် ကြိုးစားဆောင်ရွက်

မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အစဉ်နှလုံးသွင်းဆောင်ရွက်ကာ မိမိတို့ထုတ်ပြန်သည့် ဥပဒေများသည် ပြည်သူ့အတွက် အမှန်တကယ် အကျိုးရှိ/မရှိ၊ လက်တွေ့ဘဝတွင် ပြည်သူ့အကျိုးကိုဥပဒေဘောင်အတွင်းမှ အကာအကွယ်ပေးနိုင်ခြင်းရှိ/ မရှိ လေ့လာစောင့်ကြည့် ဝိုင်းဝန်းထိန်းညှိပြီး ပြည်သူတို့၏ အသံကိုအစဉ်နားစွင့်ကာ ပြည်သူတို့ လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန်၊ ပြည်သူများ ဥပဒေ၏အကာအကွယ်ဖြင့် အေးချမ်းလုံခြုံစွာနေနိုင်ရန် မိမိတို့အားလုံးအစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေး (၅/၂၀၁၈) ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union- MPU) အစည်းအဝေး (၅/၂၀၁၈)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်၊ ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ဦးတီခွန်မြတ်က အဖွင့်အမှာစကားပြောကြားရာတွင် လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးနိုင်ရန် အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် အာဆီယံပါလီမန်များညီလာခံ (ASEAN Inter-Parliamentary Assembly-AIPA) အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး မကြာမီ ကျင်းပမည့် နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter-Parliamentary Union- IPU) အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ သိရှိစေလိုပါကြောင်း၊ လွှတ်တော်များ၏ နဝမပုံမှန်အစည်းအဝေးကို လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျင်းပလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် အသီးသီး၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)ကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အကြံပြုချက်များနှင့် အချက်အလက်များကို စုစည်း၍ အကောင်းဆုံးဖြစ်ရန် တစ်ဆင့်ပြီးတစ်ဆင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအနေဖြင့် ပြည်ထောင်စုလွှတ်တော်နှင့် ညှိနှိုင်းတိုင်ပင် ဝိုင်းဝန်းဆောင်ရွက်သွားစေလိုပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကို ကူညီပံ့ပိုးရန် အမြဲအသင့်ရှိနေပါကြောင်း၊ လွှတ်တော်များရှိ ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေး (၅/၂၀၁၈)တွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

ထို့နောက် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်က ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်မှ ၇ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၃၉) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ (ASEAN Inter-Parliamentary Assembly-AIPA) အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေး(၄/၂၀၁၈) ဆုံးဖြတ်ချက်များအပါအဝင် မြန်မာနိုင်ငံလွှတ်တော် အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က လွှတ်တော်ဆိုင်ရာ အကြောင်းအရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် စွမ်းရည်မြင့်မားရေးဆိုင်ရာကိစ္စရပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ရုံးအဖွဲ့မှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီး ၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ (မူကြမ်း) ကိစ္စရပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့် လွှတ်တော်အလိုက် ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်း တင်ပြပြီး အထွေထွေဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့အသီးသီး၏ ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၂) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဆိုသည့် အမည်အောက်တွင် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်း မြန်မာနိုင်ငံတွင် မရှိခဲ့ပါကြောင်း၊ ပထမဆုံးသော အဖွဲ့အစည်းဖြစ်ပြီး မိမိတို့နိုင်ငံအတွက် အရေးကြီးသည့် တရားမျှတမှုကို ဖော်ဆောင်ပေးရေးသည် အဓိကရည်ရွယ်ချက် ဖြစ်ပါကြောင်း၊ မိမိတို့ အဖွဲ့အစည်းအနေဖြင့် ဥပဒေဘောင်အတွင်းမှ ဖြစ်ရမည်ဖြစ်ပြီး တရားဥပဒေနှင့်လည်း ကိုက်ညီရမည်ဖြစ်ပါကြောင်း၊ ထိုဘောင်အတွင်းမှ အလုပ်လုပ်ကြရမည် ဖြစ်ပါကြောင်း၊ မှန်မှန်ကန်ကန် မျှမျှတတဖြင့် တရားစီရင်ရေးကို အကူအညီပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စိတ်စေတနာကောင်းထားရန် အရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ထောက်ပံ့ရေးကိစ္စများကို ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် MyJustice အဖွဲ့မှ အဖွဲ့ခေါင်းဆောင် Ms. Caitlin Reiger က အမှာစကား ပြောကြားပြီး MyJustice အဖွဲ့မှ တရားမျှတမှုလက်လှမ်းမီရေးအကြံပေး Ms. Susan Lee က MyJustice Programme အကြောင်းကို မိတ်ဆက်ပေးသည်။

ယင်းနောက် MyJustice အဖွဲ့မှ တာဝန်ရှိသူများက My Justice ၏ ဥပဒေအထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်မှုပုံစံများနှင့် အလေ့အထများကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် ဥပဒေအထောက်အကူပေးခြင်းများနှင့် တရားမျှတမှုစင်တာများအပါအဝင် မြန်မာနိုင်ငံရှိ ဥပဒေအထောက်အကူပေးနေသောအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဥပဒေအထောက်အကူပေးရာတွင် စောင့်ကြည့်လေ့လာခြင်းနှင့် အရည်အသွေးထိန်းသိမ်းမှု ကိစ္စရပ်များကိုလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် အဆင့်ဆင့်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များက စိတ်စေတနာအပြည့် မှန်မှန်ကန်ကန်ဖြင့် ဥပဒေနှင့်အညီ ပါဝင်ကူညီဆောင်ရွက်ပေးရေးကိစ္စရပ်များ၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့၏ လုပ်ဆောင်ချက်များ၊ လုပ်ငန်းမူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ၊ ပြည်တွင်းပြည်ပလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ၏ လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၃ မှ

ယခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ဆောင်ပုဒ်သည် "Oversight" ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲကာ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းဖြင့် ဒီမိုကရေစီစနစ် ပိုမိုရှင်သန်ခိုင်မာစေပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ဦးတည်လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်များနှင့်အတူ ဒီမိုကရေစီပန်းတိုင်သို့ မိမိတို့လျှောက်လှမ်းရာတွင် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများစွာ၊ ပဋိပက္ခများစွာ၊ စိန်ခေါ်မှုများစွာတို့ကို မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယတို့ဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီ၏ လက္ခဏာကောင်းဖြစ်သည့် စုပေါင်းဆောင်ရွက်ခြင်းဖြင့် **“ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး”**ကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူတစ်ရပ်လုံး၏ ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီပန်းတိုင်သို့ အရောက်လှမ်းနိုင်မည် ဖြစ်ပါကြောင်း။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နှစ်ပေါင်းများစွာ လိုလားတောင့်တလျက်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည် ထောင်စုကြီး တည်ဆောက်ရာတွင် မိမိတို့ဆုပ်ကိုင်ထားသော အတ္တမာနများကိုဖယ်ရှားကာ သူတစ်ပါးအတွက်၊ အများအတွက် မျှဝေခြင်းများဖြင့် မေတ္တာထားကြရန်၊ အသီးသီးသော မတူကွဲပြားခြားနားသည်များကိုလည်း တစ်စုတစ်စည်းတည်းဖြစ်စေပြီး တူညီသော စိတ်ဓာတ်များဖြင့် ယုံကြည်ခြင်းကို သစ္စာပြုကာ နိုင်ငံသားများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆန္ဒပြုတိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့က ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေ ချီးမြှင့်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ဆောင်ပုဒ်သည် **“ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး(Oversight)”**ဆိုသည့် ဆောင်ပုဒ်ဖြစ်သည်။

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ ကမ္ဘာ့ပါလီမန်များအဖွဲ့၊ ပါလီမန်များသမဂ္ဂ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လွှတ်တော်မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ရခိုင်ပြည်နယ်

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ရော၀တီတိုင်းဒေသကြီးအတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စက်တင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (မအူပင်)သို့ ရောက်ရှိခဲ့ရာ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားဖိုဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လပွတ္တာမြို့နယ်ရှိ နယ်စပ်ဒေသလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ပြီး သင်တန်းသားများ ဘာသာရပ်အလိုက် လက်တွေ့လေ့ကျင့်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော်တည်ဆောက်မည့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(လပွတ္တာ)သို့ သွားရောက်၍ ကျောင်းတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဘိုကလေး)သို့ ရောက်ရှိခဲ့ပြီး ကျောင်းအုပ်၊ နည်းပြများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံမှာကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ရော၀တီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံ၍ ပင်လယ်ပြင်နှင့် ဆက်စပ်နေသော အစွန်အဖျားဒေသများဖြစ်သည့် လပွတ္တာခရိုင် (ဂုံညင်းတန်းကျေးရွာအုပ်စု၊ မြွေဟောက်ကျေးရွာအုပ်စု၊ ဆားချက်ကျေးရွာအုပ်စု၊ ရေတွင်းဆိပ်ကျေးရွာအုပ်စု)နှင့် ဖျာပုံခရိုင် (ကျွန်းသာယာကျေးရွာအုပ်စု၊ တပ်ပင်ဆိပ်ကျေးရွာအုပ်စု၊ ထော်ပိုင်ကျေးရွာအုပ်စု၊ ဘ၀သစ်ကျေးရွာအုပ်စု)များသို့ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ်သိန်း ၄၂၀ ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(ဓါတ်ပုံ)**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅/၂၀၁၈) အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့်နှစ်ခုနှင့် အတည်ပြုမိန့်တစ်ခု ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကျေးရွာများ စတင်ဖွင့်လှစ်

ပင်းတယ စက်တင်ဘာ ၁၅

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပထမဆုံးသော ပင်းတယမြို့နယ်အတွင်းရှိ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း Community Based Tourism- CBT ကျေးရွာများ စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်က ပင်စိမ်းပင်ကျေးရွာနှင့် ဆီးကျအင်းကျေးရွာတို့၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်၊ ပြည်နယ် ဥပဒေအရာရှိချုပ်နှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းတို့က ကျေးရွာများတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး **(ယာပုံ)** ကျေးရွာများအတွင်း ဆောင်ရွက်ထားရှိမှုများအား လေ့လာကြည့်ရှုခဲ့ကြကာ အမှတ်တရသစ်ပင်များကို တာဝန်ရှိသူများက စိုက်ပျိုးပေးခဲ့ကြသည်။

ထို့နောက် ဆီးကျအင်း မဟာမြိုင်ဘုန်းတော်ကြီးကျောင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ပင်စိမ်းပင်ကျေးရွာနှင့် ဆီးကျအင်းကျေးရွာ Community Based Tourism -CBT ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းအားဖြင့် မြန်မာ့ခရီးသွားနှင့် ရှမ်းပြည်နယ်၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ လူမှုစီးပွားဘဝ မြင့်မားရေးနှင့် ဝင်ငွေတိုးမြင့်ရရှိစေရေးတို့အပြင် သဘာဝသယံဇာတများ၊ ယဉ်ကျေးမှုများကိုပါ ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

သဘာဝရေမြေတောတောင်များနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို လေ့လာကြည့်ရှုနိုင်သည့် CBT ကျေးရွာများကို ပြည်နယ်အတွင်း ယခုအခါ ၁၆ ခုအထိ ဖွင့်လှစ်လာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အင်းလေးကန် အရှေ့ဘက်ခြမ်းရှိ တောင်ပေါ်ပအိုဝ်းကျေးရွာလေးရွာတွင်လည်း ဖွင့်လှစ်ထားပြီး ယခု ဓနုဒေသတွင် ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ရခြင်းဖြစ်သည်။ ထို့ပြင် ပင်းတယကျေးလက်ခရီးစဉ်ဒေသသည် နိုင်ငံတကာခရီးသွားဆုများကိုလည်း များစွာရရှိထားကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံများကို အမှာစကားပြောကြားခဲ့သည့်အပြင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးအာကာလင်း၊ ရှမ်းပြည်နယ်ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးထက်အောင်နိုင်၊ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့သည့် ဂျာမနီအခြေစိုက် GIZ မှ အကြံပေးအရာရှိ နီကိုဟက်ဆယ်လာ၊ ဖြူစင်ကုမ္ပဏီမှ ဒါရိုက်တာ ဦးထက်ထူးနိုင်၊ ဓနုခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူအဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏသိန်းနှင့် ကျေးရွာကော်မတီဝင် ဦးမြမောင်တို့က ယခုကဲ့သို့ ဒေသအတွင်း ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကျေးရွာများ စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံဓနုနှင့် ပလောင်စသည့် တိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။

ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းအမှတ်စဉ် (၂၁) သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့်က တိုင်းရင်းသူ အမျိုးသမီးငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၄၅ ကျောင်းတွင် အိမ်တွင်းမှုပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှ သင်တန်းအောင်မြင်ပြီးသည့် သင်တန်းသူ ၈၃၇၃၇ ဦးအနက် ၂၃၈၇ ဦးကို ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများ သင်ကြားပေးခဲ့ပြီး အထည်ချုပ်စက်ရုံ ၂၈ ရုံ၌ ၂၃၁၆ ဦး ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ယခုသင်တန်းတွင် တိုင်းရင်းသူ ၁၄၀ အား ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ အခမဲ့လေ့ကျင့်သင်ကြားပေးပြီး သင်တန်းဆင်းတိုင်းရင်းသူ ၁၃၂ ဦးကို အထည်ချုပ်စက်ရုံနှစ်ရုံသို့ စနစ်တကျခွဲဝေ၍ လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သင်တန်းဆင်း တိုင်းရင်းသူများကို လွှဲပြောင်းအပ်နှံပေးခဲ့သည်။ ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားအသိအမှတ်ပြုကတ်ပြားများအား သင်တန်းဆင်းတိုင်းရင်းသူများထံ ပေးအပ်ပြီး အထည်ချုပ်စက်ရုံများက သင်တန်းဆင်းတိုင်းရင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် သင်တန်းဆင်းတိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများဆုချီးမြှင့်

ပြည် စက်တင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ၂၀၁၈ ခုနှစ် (ဆဋ္ဌမအကြိမ်မြောက်) မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြည်ခရိုင်အဆင့် ထက်၊ လယ်၊ မူ ကဗျာ၊ စာစီစာကုံး၊ ပိုစတာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ပြည်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ယမန်နေ့က ကျင်းပရာ ပြည်ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့(ဥက္ကဋ္ဌ) ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဇော်က အမှာစကားပြောကြားပြီး စာရေးဆရာ ညီဇော်မောင်က ကဗျာရေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ပိုစတာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲတို့တွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကမ္ဘာ့အပူချိန်လျှော့ချဖို့ ဆက်လက်ဆောင်ရွက်စို့

မောင်ခိုင်မာ(အထက်မင်းလှ)

ကျွန်ုပ်တို့ကမ္ဘာကြီးအပေါ် နေရောင်ခြည်တိုက်ရိုက် မကျရောက်စေရန်အတွက် ကာကွယ်စစ်ထုတ် (Filter) ပြုလုပ်ပေးနေသော ထီးပမာ၊ တံတိုင်းပမာ၊ ရေစစ်ပမာ အိုဇုန်းလွှာကြီးပါးလွှာမှုကြောင့် ကမ္ဘာသူကမ္ဘာသားများ ကျန်းမာရေးဆိုးကျိုးကို ခံစားနေရပါသည်။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲနေပါသည်။ ဤဘေးဒုက္ခဆိုးကျိုးမှ ကင်းဝေးစေရန်အတွက် ၁၉၈၅ ခုနှစ် မတ်လ ၂၂ ရက်နေ့ တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အိုဇုန်းလွှာဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကိုကျင်းပခဲ့ပါသည်။ ထို့နောက် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲသဘောတူစာချုပ်ကို ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကမ္ဘာ့နိုင်ငံများက အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုကဲ့သို့ စာချုပ်ချုပ်ဆိုနိုင်ခြင်းအား ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ ၁၆ ရက်နေ့ကို ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် ၁၉-၁၂-၁၉၉၄ ရက်နေ့က ကျင်းပသည့် (၄၉) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၄၉/၁၁၄ ဖြင့် သတ်မှတ်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးက အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၅ ခုနှစ်မှ စတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် ၂၃ နှစ်ပြည့်မြောက်သွားပြီ ဖြစ်သကဲ့သို့ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်သည်ပင်လျှင် သက်တမ်း ၃၁ နှစ်ပြည့်မြောက်ပြီ ဖြစ်ပါသည်။

အိုဇုန်းလွှာ

အိုဇုန်းလွှာကို ၁၉၁၃ ခုနှစ်တွင် ပြင်သစ်ရူပဗေဒပညာရှင် ချားလ်စ်ဖာဘရီနှင့် အွန်နရီဘွီဆန်တို့မှ ရှာဖွေတွေ့ရှိခဲ့ပြီး ယင်း၏ ဂုဏ်သတ္တိများကို ဗြိတိသျှလေထုပညာရှင် ဂျီအမ်ဘီဒေါ်ဘ်ဆန်က အသေးစိတ်လေ့လာခဲ့ကြောင်း သိရသည်။ အိုဇုန်းဆိုသည်မှာ ဓာတုဗေဒဖွဲ့စည်းပုံအရ အောက်ဆီဂျင်အက်တမ်သုံးလုံး ပေါင်းစပ်ဖွဲ့စည်းထားသော ဓာတ်ငွေ့မော်လီကျူးတစ်ခုဖြစ်သည်။ ဓာတုဗေဒသင်္ကေတအားဖြင့် O_3 ဟု ရေးလေ့ရှိသည်။ အိုဇုန်းလွှာသည် ပါးလွှာသည့်အငွေ့တန်းဖြစ်သည်။ အိုဇုန်းကို ဂရိဘာသာအားဖြင့် အနံ့ထွက်ခြင်းဟု အဓိပ္ပာယ်ရသည်။ အရောင်အားဖြင့် အပြာရောင် ဖျော့ဖျော့၊ အနံ့ပြင်းပြင်း၊ အလွန်အဆိပ်ပြင်းသော ဓာတ်ငွေ့ဖြစ်ကြောင်း မြေပြင်မှာဆိုလျှင် ၎င်းဓာတ်ငွေ့မှာ ညစ်ညမ်းမှုတစ်ခုသာလျှင် ဖြစ်ကြောင်း၊ ကမ္ဘာ့မြေပြင် အထက် ၁၀ မိုင်မှ မိုင် ၃၀ ခန့်အတွင်း အထက်လေထု၌ရှိသော အိုဇုန်းသည် နေမှလာသော ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးကြောင်း သိရသည်။

ကမ္ဘာကြီး၏အထက်တွင် ထရိုပိုစဖီးယား၊ စထရက်တိုစဖီးယား၊ မီဇိုစဖီးယားနှင့် သာမိုစဖီးယားဟူ၍အပူချိန်အတိုင်းအတာကို မူတည်ပြီး အလွှာလေးလွှာအဖြစ် ခွဲခြားထားသည်။ အဆိုပါ လေးလွှာအနက် ဒုတိယအလွှာဖြစ်သော စထရက်တိုစဖီးယားတွင် သဘာဝအိုဇုန်းလွှာရှိပါသည်။ အိုဇုန်းလွှာသည် နေမှလာသော ခရမ်းလွန်ရောင်ခြည်(နေရောင်မှလာသည့် စွမ်းအားမြင့်စွမ်းအင် ဖြာထွက်မှုတစ်ခု) သုံးမျိုးအနက် လူသားတို့အား ဒုက္ခမပေးဘဲ ကျန်းမာရေးကိုပင် ထောက်ကူသော ခရမ်းလွန်ရောင်ခြည်လှိုင်း အေအမျိုးအစား (UV-A) ကို စုပ်ယူခြင်း မရှိဘဲ UV-B နှင့် UV-C ကို ကာကွယ်ပေးထားသော အလွန်ကြီးမားသည့်နေကာ သဖွယ်ဖြစ်ပါသည်။

အိုဇုန်းလွှာပေါက်ခြင်း

စထရက်တိုစဖီးယားအတွက် သဘာဝအိုဇုန်းဓာတ်ငွေ့အများအပြားရှိလျှင် ခရမ်းလွန်ရောင်ခြည်အန္တရာယ်များကို ပို၍ ကာကွယ်ပေးနိုင်သဖြင့် အိုဇုန်းဓာတ်ငွေ့နည်းလေလေ ဘေးအန္တရာယ်ကျရောက်မှု များလေလေဖြစ်၏။ ဤကဲ့သို့ စထရက်တိုစဖီးယားအလွှာတွင် အိုဇုန်းဓာတ်ငွေ့နည်းပါးခြင်းကို အိုဇုန်းလွှာပါးသည်၊ အိုဇုန်းလွှာပေါက်သည်ဟု သိပ္ပံပညာရှင်တို့က ဆိုသည်။ ကမ္ဘာ့တောင်ဝင်ရိုးစွန်းဒေသတွင် ထိုကဲ့သို့ အိုဇုန်းလွှာပေါက်နေသည်ကို အန္တာတိကရှိ Hally Bay အခြေစိုက် သုတေသနစခန်းမှ Joe Farman ဦးဆောင်သည့်အဖွဲ့က ၁၉၈၅ ခုနှစ်တွင် စတင်ကြေညာခဲ့သည်။ အီကွေတာမှ လတ္တီတွဒ် ၃၅ ဒီဂရီအတွင်းတွင် အိုဇုန်းလွှာအနည်းငယ် လျော့နည်းနေပြီး ဝင်ရိုးစွန်းဒေသတွင် ရေခဲငွေ့ကြောင့်လည်း အိုဇုန်းလွှာပါးလွှာစေကြောင်း၊ အီကွေတာမှ တောင်နှင့်မြောက်လတ္တီတွဒ် ၂၀ ဒီဂရီအတွင်း အိုဇုန်းလွှာအခြေအနေမှာ အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

အိုဇုန်းလွှာဘာကြောင့်ပေါက်

လူသားအပါအဝင် သက်ရှိလောကအတွက် လွန်စွာအရေးပါသော အိုဇုန်းလွှာသည် အရိပ်နေနေ အခက်ချိုးချိုးလုပ်တတ်သည့် ကမ္ဘာသူကမ္ဘာသားတို့၏ ပယောဂကြောင့် ပါးရာမှပေါက်လာရခြင်းဖြစ်သည်။ တောမီးရှို့ခြင်း၊ ထင်းခုတ်ခြင်းမှအစ စက်မှုထွန်းကားသော နိုင်ငံများ၌ စက်ရုံအလုပ်ရုံတို့မှတန်ချိန်သန်းပေါင်းများစွာသော ကမ္ဘာကြီးကို ပူနွေးစေသည့် ဖန်လုံအိမ်အာနိသင်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ ထုတ်လွှတ်နေခြင်းကြောင့် ဖြစ်ပါသည်။ ထို့ပြင် စက်မှုဖွံ့ဖြိုးတိုးတက်လာသည်နှင့် အညီ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အအေးခန်း၊ ဆိုဖာရေမြှုပ်နှင့်ဖျန်းဆေး စသည့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် လည်းကောင်း၊ သတ္တုနှင့်အီလက်ထရွန်နစ်ပစ္စည်းများ သန့်စင်ရာတွင်လည်းကောင်း သုံးစွဲသည့် ကလိုရိုဖလူရိုကာဗွန်(စီအက်ဖ်စီ)၊ ဟေလွန်၊ ကာဗွန်တက်ထရာကလိုရိုဒ်၊ မီသိုင်းကလိုရိုဖောင်း၊ မီသိုင်းဘရိုမိုက်ဒ်၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (အိတ်ချ်စီအက်ဖ်စီ)၊ ဟိုက်ဒရိုဘရူမိုဖလူရိုကာဗွန် (အိတ်ချ်ဘီအက်ဖ်စီ)နှင့် ဘရူမိုကလိုရိုမီသိန်း(ဘီစီအမ်) စသည့်ဓာတုပစ္စည်းများက အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေပါသည်။ ဥပမာ- CFC တစ်တန်သည် ကာဗွန်ဒိုင်အောက်ဆိုက် တန် ၁၀၉၀၀ နှင့် ညီမျှသော အပူဓာတ်စွမ်းအား ရှိသကဲ့သို့ HCFC တစ်တန်သည်လည်း ကာဗွန်ဒိုင်အောက်ဆိုက် တန် ၁၈၁၀ နှင့် ညီမျှသော ပူနွေးစေမှုစွမ်းအားရှိကြောင်း သိပ္ပံပညာရှင်များက ဆိုပါသည်။ UNFC ၏ ၂၀၁၃၊ နိုဝင်ဘာအစီရင်ခံစာအရ ဖန်လုံအိမ် အာနိသင် (အပူထိန်းဓာတ်ငွေ့)ရှိသော နိုက်ထရပ်အောက်ဆိုက်သည် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းဖြစ်ကြောင်း၊ ဤဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချခြင်း မပြုနိုင်သေးကြောင်း သိရသည်။

> **“ အိုဇုန်းလွှာထိခိုက်ပျက်စီးလာသည့် အကျိုးဆက်အဖြစ် ကမ္ဘာ့ အပူချိန်မြင့်တက်လာခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသည့် ရာသီဥတု ဆိုးရွားဖောက်ပြန်ပြောင်းလဲခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းများကျရောက်ခြင်း စသည့်မမျှော်မှန်းနိုင်သော သဘာဝဘေးဒုက္ခ အသွယ်သွယ်တို့ကို လူသားတို့ခံစားနေကြရ”**

အကျိုးဆက်

အိုဇုန်းလွှာထိခိုက်ပျက်စီးလာသည့် အကျိုးဆက်အဖြစ် ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်းစသည့် ရာသီဥတု ဆိုးရွားဖောက်ပြန်ပြောင်းလဲခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းများကျရောက်ခြင်း စသည့်မမျှော်မှန်းနိုင်သော သဘာဝဘေးဒုက္ခ အသွယ်သွယ်တို့ကို လူသားတို့ခံစားနေကြရပါသည်။ အထူးအားဖြင့် အိုဇုန်းလွှာပါးပေါက်၍ နေမှခရမ်းလွန်ရောင်ခြည်လှိုင်းများ ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်မှု ပိုမိုများပြားလာပြီး လူသားတို့၏ အရေပြားကို နီမြန်းရောင်ရမ်းစေခြင်း၊ အရေပြားကင်ဆာဖြစ်ပွားစေခြင်း၊ မျက်စဉ်တိမ်စွဲခြင်း၊ လူသားနှင့်တိရစ္ဆာန်တို့ ရောဂါဘယခုခံနိုင်စွမ်း ကျဆင်းခြင်း၊ သီးနှံကြီးထွားမှု နှောင့်နှေးခြင်း၊သီးနှံတို့၏ အာဟာရဓာတ်ပါဝင်မှုချို့တဲ့စေပြီး အဆိပ်အတောက်ဖြစ်ပွားမှု များစေခြင်း၊ ဂေဟစနစ် ပျက်ယွင်းစေခြင်း၊ ရုပ်ဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီးစေခြင်း စသည်တို့ဖြစ်ပေါ်စေပါသည်။ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (United Nations Enviroment Programme- UNEP) ၏ အဆိုအရ ကမ္ဘာမြေပြင်ပေါ်သို့ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကြောင့် နှစ်စဉ် လူဦးရေ နှစ်သန်းမှ သုံးသန်းအထိ အရေပြားကင်ဆာဖြစ်ပွားလျက်ရှိပြီး နှစ်စဉ်ခန့်မှန်းခြေ လူဦးရေ ၆၆၀၀၀ ခန့် သေဆုံးလျက်ရှိကြောင်း သိရသည်။

အိုဇုန်းလွှာ ထိန်းသိမ်းရေး

အထက်ဖော်ပြပါ အခြေအနေများကြောင့် သက်ရှိလူသားတို့ ရှင်သန်ရပ်တည်ရေးအတွက် အိုဇုန်းလွှာထိန်းသိမ်းရေးသည် အရေးတကြီးလိုအပ်ကြောင်း သိသာထင်ရှားပါသည်။ သို့အတွက် ကမ္ဘာ့နိုင်ငံများက ၁၉၈၅ ကွန်ဗင်းရှင်း၊ ၁၉၈၇ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်တို့ကို ချုပ်ဆိုခဲ့ကြသည်။တစ်ဆက်တည်းမှာပင် လိုအပ်ချက်အရ လန်ဒန်ပြင်ဆင်ချက် ၁၉၉၀၊ ကိုပင်ဟေဂင် ပြင်ဆင်ချက် ၁၉၉၂၊ ဗီယင်နာညှိနှိုင်း သတ်မှတ်ချက်များ ၁၉၉၅၊ မွန်ထရီရယ်ပြင်ဆင်ချက် ၁၉၉၇၊ ပေကျင်းပြင်ဆင်ချက်(၁၉၉၉)၊ HFCS ဆိုင်ရာ ဒူဘိုင်းလုပ်ငန်းစဉ် ၂၀၁၅၊ မွန်ထရီရယ်သဘောတူညီချက် ပြင်ဆင်ချက် ၂၀၁၆ တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ဤသို့ ဆောင်ရွက်နိုင်မှုက ဤရာစုနှစ်ကုန်တွင် ကမ္ဘာကြီးပူနွေးလာမှု၏ ဒီဂရီထက်ဝက်ခန့် ကျဆင်းသွားစေကြောင်း၊ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (UNFCCC) အရ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ လျှော့ချခြင်းကို ပြီးပြည့်စုံစေနိုင်ပါကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၄-၁၁-၁၉၉၃ တွင် ဗီယင်နာကွန်ဗင်းရှင်းနှင့် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၊ လန်ဒန်ပြင်ဆင်ချက် စာချုပ်များ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ (၂၂-၅-၂၀၀၉) တွင် ကိုပင်ဟေဂင် ပြင်ဆင်ချက် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ (၃၀-၁၁-၂၀၁၂) တွင် မွန်ထရီရယ်ပြင်ဆင်ချက်နှင့် ပေကျင်းပြင်ဆင်ချက်များ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဝင်ရောက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုများကို ၁၉၉၅ တွင် စတင်ပြုလုပ်ခဲ့ပြီး ၂၀၀၉ တွင် အခမ်းအနားအနေဖြင့် ကျင်းပနိုင်ကြောင်း၊ UNEP ၏ ပံ့ပိုးမှုဖြင့် National Ozone Unit ကို ၂၀၀၄ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ CFC တင်သွင်းမှုကို ၂၀၀၇ ခုနှစ်မှ စတင်ရပ်စဲကြောင်း၊ အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ပတ်သက်၍ HCFC ထောက်ပံ့မှုကန့်သတ်ခြင်း နည်းဗျူဟာ၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် HCFC သုံးစွဲမှုလျှော့ချခြင်း နည်းဗျူဟာနှင့် HCFC အသစ်တင်သွင်းခြင်းများကို ကန့်သတ်ခြင်း နည်းဗျူဟာစသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဆောင်ပုဒ်

အိုဇုန်းလွှာပါးလွှာမှုကို လူသားများသတိပြုစေရန်နှင့် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် UNEP က အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့သတ်မှတ်ပေးပြီး ဆောင်ရွက်ရန်ဆောင်ပုဒ်ကို နှစ်စဉ်သတ်မှတ်ပေးလေ့ရှိပါသည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ **“ ကမ္ဘာ့အပူချိန်လျှော့ချဖို့ ဆက်လက်ဆောင်ရွက်စို့”** (KEEP COOL AND CARRY ON) ဖြစ်ပါသည်။ ဤဆောင်ပုဒ်ကို အကောင်အထည်ဖော်ရာတွင် ကမ္ဘာမြေနှင့် လူသားတို့အားဒုက္ခပေးသော အပူချိန်ဖြစ်ပေါ်စေသည့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချပေးရန် အဓိကဖြစ်ပါသည်။ မှန်လုံအိမ်ဓာတ်ငွေ့ဖြစ်ပေါ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဖြစ်ပေါ်မှုကို လျှော့ချပါက အိုဇုန်းလွှာထိခိုက်မှု နည်းပါးပါမည်။ ထိုအခါ အိုဇုန်းလွှာ ကျန်းမာရေးကောင်းပြီး အပူရှိန်ကို ကာကွယ်တားဆီးပေးနိုင်ပါလိမ့်မည်။ အထူးသဖြင့် (United Nations - Economic and Social Commissoin for Asia and the Pacific) မှ ထုတ်ပြန်သည့် သင်၏ ကိုယ်ပိုင်သုံးစွဲမှုအား ထိန်းညှိပါ၊ မော်တော်ယာဉ်သုံးစွဲမှု နည်းပါးပါစေ၊ ပြန်လည်သုံးစွဲမှု ပိုမိုဆောင်ရွက်ပါ၊ အသိဉာဏ်ရှိစွာ စားသောက်ပါ၊ အသိပညာဖြန့်ဝေပါ၊ စာရွက်သုံးစွဲမှုကို လျှော့ချပါ၊ အမြင်ကျယ်စွာ ဝယ်ယူပါ၊ လျှော့ဝယ်ပါ၊ လေယာဉ်ဖြင့် ခရီးသွားခြင်းကို မလိုအပ်ပါက ရှောင်ကြဉ်ပါ၊ သယံဇာတကို အကျိုးရှိစွာ အသုံးပြုပါ၊ ကွန်ပျူတာနှင့် စက်ကိရိယာများကို မလိုအပ်ပါက ပိတ်ထားပါ ဟူသည့် အချက်(၁၀)ချက်နှင့် ကာဗွန်ဒိုက်အောက်ဆိုက်ကို စုပ်ယူနိုင်သည့် သစ်တော သစ်ပင်တို့ကို ထိန်းသိမ်းကာကွယ်ခြင်းများကို လုပ်ဆောင်ပေးကြရပါမည်။

အနှစ်ချုပ်အားဖြင့်ဆိုရပါလျှင် ကျွန်ုပ်တို့အားလုံးက အိုဇုန်းလွှာကျန်းမာရေးဆိုင်ရာ အသိနှင့်အလုပ်တို့ကို သတိရှိရှိကိုယ်စီလုပ်ဆောင်နိုင်ပါက အိုဇုန်းလွှာကျန်းမာပြီး ကမ္ဘာ့အပူချိန်လျှော့ကျမည်ဖြစ်၍ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်လက်၍ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပေသည်။ ။

တောင်ငူမြို့လုံးကျွတ် သံဃာတော်များအား ပစ္စည်းလေးပါးလောင်းလှူ

တောင်ငူ စက်တင်ဘာ ၁၅

တောင်ငူမြို့တွင် မြို့နယ်လုံးကျွတ် ရှင်သာမဏေငယ်အပါး ၉၅၀ အား ဒေသခံများနှင့် နယ်မြေခံတပ်မတော်သားများ စုပေါင်း၍ ပစ္စည်းလေးပါး လောင်းလှူပွဲနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာလဒုတိယပတ်က တောင်ငူမြို့သာသနာ့ဟိတကာရီ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အဆိုပါ မြို့နယ်လုံးကျွတ်လောင်းလှူပွဲတွင် တောင်ငူမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၂၃ ကျောင်းမှ ရှင်သာမဏေငယ်အပါး ၉၅၀ တို့၏ လိုအပ်ချက်များပြည့်စုံစေရန်ရည်ရွယ်ပြီး ပထမဆုံးအကြိမ် အဖြစ် ဦးဇင်ကိုဝင်း-ဒေါ်ကေသွယ်ဝင်း ရွှေဥဒေါင်းဆေးပေါ့လိပ်မိသားစုက ဦးဆောင်ကျင်းပခြင်းဖြစ်သည်။

အဆိုပါလောင်းလှူပွဲသို့ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေး၊ အသင်းအဖွဲ့များနှင့် အလှူရှင်များ လာရောက် လောင်းလှူခဲ့ကြပြီး ယခုကျင်းပသော ရှင်သာမဏေငယ်များအား ပစ္စည်းလောင်းလှူပွဲမှာ ယခုနှစ်တွင် ပထမအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ကာ နောင်နှစ်များတွင် ဆက်လက်လောင်းလှူနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

သူရ (တောင်ငူ)

၂၀၁၈ခုနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊သွင်းကုန်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၅

၂၀၁၈ ခုနှစ် ဇွန်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၇ ဒသမ ၄၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၄ ဒသမ ၄၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၂၁ ဒသမ ၈၉ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၀ ဒသမ ၆၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၉၉ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၂၉ ဒသမ ၆၂ သန်းဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၈ ခုနှစ် ဇွန်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁၅၁ ဒသမ ၅၁သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၇၃ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ခုနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ပုံမှန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၂၆ ဒသမ ၇၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၃၄ ဒသမ ၄၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၉၆၁ ဒသမ ၂၁ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၃၀၅ ဒသမ ၅၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၀၇ ဒသမ ၁၆သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၁၂ ဒသမ ၆၈ သန်းဖြစ်သဖြင့် ၂၀၁၈ခုနှစ် ဧပြီလမှ ဇွန်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၈၉၇၃ ဒသမ ၈၉ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၀၅၁ ဒသမ ၄၇ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

သတင်းစဉ်

ကုန်စည်ပြပွဲပြတယ်ဆိုတာ ပြတဲ့ပစ္စည်းကြိုက်ရင် အော်ဒါတွေ အမှာစာတွေပေးတယ်၊ အဆက်အသွယ်တွေရပြီး ထုတ်လုပ်မှုနဲ့ ဈေးကွက်တိုးချဲ့နိုင်မယ်

ဦးအောင်စိုး (ညွှန်ကြားရေးမှူးချုပ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ခဲ့သော ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တွေ့ဆုံမေးမြန်းထားသည့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဖော်ပြလိုက်ပါသည်-

မေး။ (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံက လုပ်ငန်းရှင်များ ပါဝင်ပြသမှုနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။

ဖြေ။ ကျွန်တော်တို့အနေနဲ့ ဒီတရုတ်-အာဆီယံကုန်စည်ပြပွဲကို နှစ်တိုင်းပါဝင် ပြသပါတယ်။ အခုဆိုရင် (၁၅) ကြိမ်မြောက်ရှိပြီဖြစ်ပါတယ်။ ဒီနှစ်မှာ ထူးခြားတာက ကုန်စည်ပြခန်းဆောင်နဲ့ ပတ်သက်ပြီး ပြခန်းအများဆုံးပြသနိုင်တဲ့နှစ် ဖြစ်ပါတယ်။ အရင်နှစ်တွေက ပြခန်းပေါင်း ၁၁၀၊ ၁၁၅ ခန်းလောက်ပဲ ပြနိုင်ခဲ့ပြီး ဒီနှစ်မှာတော့ ပြခန်းပေါင်း ၁၆၈ ခန်းထိ ပြသနိုင်ပါတယ်။ နောက်ထပ် ပြခန်းမှာပြသချင်တဲ့ လုပ်ငန်းရှင်တွေရှိသေးပေမယ့် ပြခန်းနေရာ အကန့်အသတ်ရှိနေတဲ့အတွက် ဒီလောက်ပဲ နေရာပေးနိုင်ခဲ့ပါတယ်။ ပြသတဲ့ပစ္စည်းတွေနဲ့ ပတ်သက်ရင်လည်း ပစ္စည်းအမျိုးအစားများစွာ စုံလင်လာပါတယ်။ စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းတွေ၊ လက်မှုပစ္စည်းတွေ၊ သစ်တောထွက်ပစ္စည်းတွေ၊ ကျောက်မျက်ရတနာတွေ၊ ဝန်ဆောင်မှုနဲ့ ပတ်သက်တဲ့ပြခန်းတွေ၊ ကုန်သည်အသင်းတွေရဲ့ ပြခန်းတွေကို ပြသနိုင်ခဲ့ပါတယ်။ နောက်ပြီး အမျိုးသားပြခန်းဆောင်နဲ့ပတ်သက်လို့ ဒီနှစ်မှာ ကျွန်တော်တို့ရဲ့ (City of Charm) နှစ်လိုဖွယ်ရာမြို့အဖြစ် ကရင်ပြည်နယ် ဘားအံမြို့ကို ရွေးချယ်ထားတယ်။ ဘားအံမြို့ကို ရွေးချယ်ထားတဲ့အတွက် ဘားအံမြို့ပတ်ဝန်းကျင်အလှအပတွေကို အမျိုးသားပြခန်းမှာ လှလှပပ ဒီဇိုင်းတွေနဲ့ ခင်းကျင်းပြသထားပါတယ်။ လာရောက်လေ့လာသူတွေကိုလည်း ကရင်ပြည်နယ်က လက်ရွေးစင် အကအဖွဲ့နဲ့ ကရင်ရိုးရာအကတွေကို ကပြဖျော်ဖြေတယ်။ လာရောက်လေ့လာကြသူတွေအနေနဲ့လည်း အထူးစိတ်ဝင်စားကြပါတယ်။ ဒါကြောင့် ဒီနှစ်က အောင်မြင်တဲ့နှစ်လို့ ပြောနိုင်ပါတယ်။

ဦးအောင်စိုး (ညွှန်ကြားရေးမှူးချုပ်)
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

လယ်ယာထွက်ကုန် ပို့ကုန်သစ် တင်ပို့ရန် ဆောင်ရွက်နေ

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံကုန်သွယ်မှုကတော့ နံပါတ်တစ်ပါ။ ကုန်သွယ်မှု စုစုပေါင်းဘီလီယံ ၃၀ ကျော်မှာ တရုတ်နဲ့ ကုန်သွယ်မှုတန်ဖိုးက ၁၁ ဘီလီယံကျော်ပါတယ်။ အများဆုံး ကုန်သွယ်တဲ့ နယ်စပ်ကုန်သွယ်ရေးနဲ့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးမှာ နယ်စပ်ကုန်သွယ်ရေးက သိသိသာသာတိုးတက်နေသလို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလည်း တိုးတက်နေပါတယ်။ သစ်သီးဝလံနဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကို အများကြီးတင်ပို့နိုင်တယ်။ ဆက်လက်ပြီး လယ်ယာထွက်ကုန်ကို အခြေခံတဲ့ ပို့ကုန်ပစ္စည်းသစ်တွေ တင်ပို့နိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ ကုန်သွယ်မှုနဲ့ပတ်သက်ပြီး အဆင့်ဆင့် ဖြေလျှော့ပေးတာတွေ ရှိပါတယ်။ အရင်ကဆိုရင် လိုင်စင်ထုတ်ပေးတဲ့အခါမှာ ဈေးနှုန်းတွေစိစစ်တယ်။ အခုဆိုရင် ဈေးနှုန်းကန့်သတ်တာတွေ၊ စိစစ်တာတွေမရှိတော့ပါဘူး။ ကုန်သည်တွေ တင်ပြထားတဲ့ ဈေးနှုန်းတွေအတိုင်းခွင့်ပြုတယ်။ နောက်ပြီး လိုင်စင်လိုအပ်ချက်တွေကိုလည်း လျှော့ချထားတယ်။ ပို့ကုန်၊ သွင်းကုန်တွေမှာ ပစ္စည်းအမယ်ပေါင်း ငါးဆယ်ရာခိုင်နှုန်းကျော် လိုင်စင်မလိုတော့ဘဲ ပို့လို့၊ သွင်းလို့ရနေပြီဖြစ်ပါတယ်။ အွန်လိုင်းလိုင်စင်စနစ်ကိုလည်း တတ်နိုင်သလောက်ကျင့်သုံးနေတယ်။ အထည်ချုပ်လိုမျိုးဆိုရင် ရာနှုန်းပြည့်ကျင့်သုံးလို့ရပြီ။ ဒါတွေကို တဖြည်းဖြည်းမြှင့်တင်ရင်း အပြည့်အဝ အွန်လိုင်းလိုင်စင်စနစ်ကို ကျင့်သုံးနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေ အဆင်ပြေအောင် ဘက်ပေါင်းစုံက ဆောင်ရွက်ပေးနေပါတယ်။ နောက်တစ်ဖက်ကလည်း လုပ်ငန်းရှင်တွေရဲ့ကုန်ပစ္စည်းတွေကို ဈေးကွက်မှာ နေရာရလာအောင် ကျွန်တော်တို့အဖွဲ့အနေနဲ့ ဆောင်ရွက်ပေးနေပါတယ်။

အခုလို ကုန်စည်ပြပွဲတွေ ကျင်းပတာလည်း အရောင်းမြှင့်တင်ခြင်းတစ်မျိုးဖြစ်ပါ တယ်။ နှစ်စဉ် တရုတ်ပြည်နဲ့ ပတ်သက်ပြီး နန်နင်းမြို့မှာ တစ်ပွဲ၊ ကူမင်းမှာတစ်ပွဲ ပါဝင်ပြသပါတယ်။ နယ်စပ်မြို့တွေဖြစ်တဲ့ ရွှေလီနဲ့ မူဆယ်မြို့တွေမှာလည်း အလှည့်ကျ ကုန်စည်ပြပွဲတွေ ဆောင်ရွက်တယ်။ အခြားသော တရုတ်ပြည်က ဖိတ်ကြားတဲ့ပွဲတွေမှာလည်း ပါဝင်ပြသပါတယ်။ အခြားနိုင်ငံတွေက ပြပွဲတွေမှာလည်း ပါဝင်ပြသပါတယ်။

မေး။ မြန်မာနိုင်ငံရဲ့ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်မှုကို သိချင်ပါတယ်ခင်ဗျာ။

ဖြေ။ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်စည်တွေ ကမ္ဘာ့ဈေးကွက်မှာ နေရာရလာအောင် အရောင်းမြှင့်တင်မှုတွေ ဆောင်ရွက်နေသလို ပြည်တွင်းမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ Trade Centre တွေ ဖွင့်လှစ်ပြီးတော့ သတင်းအချက်အလက်တွေ ဖြန့်ဝေပေးတယ်။ ထုတ်လုပ်မှုသတင်းတွေ ရယူတယ်။ နိုင်ငံကိုးနိုင်ငံမှာ ဖြန့်ထားတဲ့ ကျွန်တော်တို့ရဲ့ စီးပွားရေးသံမှူးတွေဆီကနေလည်း ဈေးကွက်သတင်းအချက်အလက်တွေ ရယူဖလှယ်တယ်။ ပို့ကုန်လုပ်ငန်းရှင်တွေအတွက် အရေးကြီးတဲ့ သတင်းအချက်အလက်တွေ ရရှိနိုင်စေဖို့အတွက် ဝက်ဆိုက်ဘ် အသစ်တစ်ခုကို ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေအတွက် အရေးကြီးတဲ့ ဈေးကွက်သတင်းတွေ အလွယ်တကူရရှိအောင်၊ ကိုယ့် ပစ္စည်းတွေကိုလည်း အွန်လိုင်းမှာတင်ပြီးတော့ ကမ္ဘာ့ဈေးကွက်မှာ တင်ပို့ရောင်းချနိုင်အောင်နဲ့ တစ်ဖက်က လုပ်ငန်းရှင်တွေလည်း သိရှိအောင် ရည်ရွယ်တာဖြစ်ပါတယ်။ ဒီလိုနည်းတွေနဲ့ လုပ်ငန်းရှင်တွေအပေါ်မှာ ဖြေလျှော့မှုတွေရော အရောင်းမြှင့်တင်မှုတွေကိုပါ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးနေပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ်မှာ အမြင့်ဆုံးရရှိတာကတော့ ၃၃ ဒသမ ၄ ဘီလီယံလောက် ရရှိပါတယ်။ ပထမဆုံးနှစ်မှာဆိုရင် ၂၃ ဒသမ ၂ ဘီလီယံလောက်ပဲရတယ်။ တစ်နှစ်ပြီး တစ်နှစ်တက်လာပါတယ်။ ပို့ကုန်ကလည်း တက်ပါတယ်။ ကုန်သွယ်မှုပိုင်းကတော့ သိသိသာသာတိုးတက်နေတယ်။ ပို့ကုန်နှုန်းက တိုးတက်နေတယ်။ သွင်းကုန် လိုအပ်ချက်ကတော့ များပြားဆဲဖြစ်တဲ့အတွက် သွင်းကုန်ကတော့ များပြားနေတယ်။ ဒါပေမယ့် ကုန်သွယ်မှုလိုငွေကို တဖြည်းဖြည်းချင်း လျှော့ချလာတဲ့အတွက် နှစ်တိုင်းနှစ်တိုင်း ကုန်သွယ်မှုလိုငွေက လျော့လာပါတယ်။

အရည်အသွေးရှိပစ္စည်း ဈေးကွက်ရှာ

ကျွန်တော်တို့ လုပ်ဆောင်နေပေမယ့် အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် နည်းနေသေးပါတယ်။ ဘာကြောင့်ဒီလိုဖြစ်လဲဆိုတော့ သူတို့နိုင်ငံတွေမှာ ရေရှည်စီမံကိန်းတွေနဲ့ အားကောင်းတဲ့ အဓိကပို့ကုန်တွေကို အရှိန်အဟုန်ရအောင် လုပ်ခဲ့ကြတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ဒီလိုဆောင်ရွက်ဖို့လိုအပ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ အလားအလာကောင်းတဲ့ပစ္စည်းတွေ ရှိတယ်။ အဓိက ကတော့ မြေသယံဇာတ၊ ရေသယံဇာတ စတာတွေကောင်းမွန်တဲ့အတွက် စိုက်ပျိုးရေးကအဓိကဖြစ်ပြီး စိုက်ပျိုးရေး ထွက်ကုန်တွေကို လက်လွှတ်လို့မဖြစ်ပါဘူး။ အိမ်နီးနားချင်းနိုင်ငံတွေမှာလည်း စားသုံးမှုမြင့်မားတဲ့ နိုင်ငံကြီးတွေရှိတယ်။ အဲဒီတော့ နံပါတ်တစ်အနေနဲ့ ကျွန်တော်တို့ဆီမှာ ထုတ်လုပ်မှုတက်ဖို့ လိုအပ်တယ်။ ထုတ်လုပ်မှုတက်မှ ကုန်သွယ်မှုက တက်လို့ရမှာ ဖြစ်တယ်။ ဒါကြောင့် ထုတ်လုပ်မှုလုပ်တဲ့ကဏ္ဍတွေက ဒီလိုအရည်အသွေးရှိတဲ့ ပစ္စည်းတွေကို အရေအတွက်ရော အရည်အသွေးပါ တိုးတက်ကောင်းမွန်စေဖို့ တစိုက်မတ်မတ် လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဒီလိုအရည်အသွေးရှိတဲ့ ပစ္စည်းတွေကို ဈေးကွက်ရှာပေးဖို့က ကျွန်တော်တို့ရဲ့ တာဝန်တွေဖြစ်ပါတယ်။

ပို့ကုန်ထုတ်လုပ်မှုနဲ့ ပတ်သက်ရင် တစိုက်မတ်မတ်လုပ်တဲ့ စီမံကိန်းတွေ လိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အမျိုးသားပို့ကုန် မဟာဗျူဟာဆိုပြီးတော့ ငါးနှစ်စီမံကိန်းကို ၂၀၁၃ ခုနှစ်က စတင်ရေးဆွဲထားပြီး ၂၀၁၅ ခုနှစ်မှာ စတင်အကောင်အထည်ဖော်နေတယ်။ ဈေးကွက်ကိုလေ့လာပြီးတော့ ဘယ်ပစ္စည်းတွေက အလားအလာရှိတယ်ဆိုပြီး အဓိကပို့ကုန်ပစ္စည်းတွေကို သတ်မှတ်ထားပါတယ်။ ဒီလို အဓိက ပို့ကုန်တွေကို အောင်မြင်စွာ ထုတ်လုပ်နိုင်စေဖို့ အားပေးမြှင့်တင်မယ့် ဝန်ဆောင်မှုတွေ အထောက်အကူတွေလည်းလိုအပ်ပါတယ်။ ငွေကြေးအရင်းအနှီးတွေ၊ ပို့ကုန်လုပ်ငန်းရှင်တွေအတွက် လိုအပ်တဲ့ ကုန်သွယ်မှု သတင်းအချက်အလက်တွေ လိုအပ်ပါတယ်။ နောက်တစ်ခုက ပစ္စည်းတစ်ခုကို ဈေးကွက်မှာ မယှဉ်ပြိုင်နိုင်တာ ဈေးနှုန်းကြောင့် (သို့မဟုတ်) အရည်အသွေးကြောင့် မယှဉ်ပြိုင်နိုင်တာလားဆိုပြီး ရှိတယ်။ ဒါဆိုရင် ရောင်းလို့မရဘူး။ ဈေးနှုန်းကြီးရခြင်းရဲ့အကြောင်းက Logistic က အဓိကပါ။ ဒါကြောင့် Logistic က အရေးကြီးတယ်။

ဈေးကွက်ရှိပစ္စည်းထုတ်လုပ်

ကျွန်တော်တို့နိုင်ငံမှာ ပစ္စည်းတွေ များစွာရှိပေမယ့် အရည်အသွေးက တန်းမမီဘူး။ သူတို့ကိုအာမခံတဲ့ Certificate တွေ ထုတ်မပေးနိုင်ဘူး။ ပို့ကုန်တစ်ခုအောင်မြင်ဖို့အတွက် ပြည့်စုံရမယ့်အချက်တွေ အများကြီးလိုအပ်ပါတယ်။ ဒါတွေကို အားလုံးဝိုင်းဝန်းဖြည့်ဆည်းမှ အောင်မြင်မှာ ဖြစ်ပါတယ်။ ဈေးကွက်ရှိပြီးသား ပစ္စည်းတွေကို ထိထိရောက်ရောက် ထုတ်လုပ်နိုင်ဖို့ သက်ဆိုင်ရာဌာနတွေနဲ့ လုပ်ငန်းရှင်တွေက အရည်အသွေးတက်အောင်၊ ထုတ်လုပ်မှုနှုန်းတိုးတက်အောင် ဆောင်ရွက်ရပါမယ်။ ဒီဘက်ကလည်း ဈေးကွက်ရှာမယ်ဆိုရင် ပို့ကုန်က တက်လာမှာဖြစ်ပါတယ်။ ပို့ကုန် တက်လာရင် ကုန်သွယ်မှုလိုငွေက လျော့လာပြီး မြန်မာငွေတန်ဖိုးကျမှုတွေလည်း လျော့ပါးသွားမယ်။ ဒါကြောင့် ကိုယ့်နိုင်ငံရဲ့ ထုတ်ကုန်တွေကို ထိထိရောက်ရောက် ထုတ်လုပ်ရောင်းချနိုင်ဖို့က အရေးကြီးတယ်။ ဒီကိစ္စကိုအားလုံးက တစိုက်မတ်မတ် ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်မယ်လို့ ပြောချင်ပါတယ်။

မေး။ အာဆီယံ-တရုတ် ကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံက သဘာဝထွက်ကုန်တွေ ပြသတဲ့အခြေအနေက ဘယ်လိုရှိပါသလဲ သိချင်ပါတယ်။

ဖြေ။ အာဆီယံ-တရုတ်ကုန်စည်ပြပွဲမှာ သဘာဝထွက်ကုန်နဲ့ပတ်သက်ပြီးတော့ မြန်မာပြခန်းမှာ နာမည်ကြီးတာ ကျောက်မျက်၊ ကျောက်စိမ်းဖြစ်ပါတယ်။ ကျောက်စိမ်းပြခန်းတွေကိုလည်း ဝေဝေဆာဆာပြသနိုင်ပြီး အရည်အသွေးလည်း ကောင်းမွန်တဲ့အတွက် ကျောက်စိမ်းပြခန်းတွေက လာရောက်ဝယ်ယူသူတွေကို အဓိကလွှမ်းမိုးထားနိုင်တယ်။ သစ်သီးဝလံတွေ၊ လက်မှုပစ္စည်းတွေကိုလည်း အဓိက ပြသကြတယ်။ ပစ္စည်းအသစ်အနေနဲ့ ပြသအောင်မြင်နေတာကတော့ လက်ဖက်ခြောက်၊ လက်ဖက်စိုပေါ့။ လက်ဖက်ခြောက် အင်မတန်ပေါများတဲ့ နိုင်ငံမှာတောင် မြန်မာနိုင်ငံက လက်ဖက်ခြောက်ကို လက်ခံလာကြတယ်။ အထူးသဖြင့် ကိုးကန့်ဘက်က လက်ဖက်ခြောက်တွေက အရည်အသွေးမြင့်မားတယ်။ ဈေးလည်းရတယ်။ နှစ်စဉ်လက်ဖက်ရောင်းတဲ့ ကုန်သည်တွေ တိုးလာပြီး အော်ဒါတွေလည်းရတယ်။ လက်ဖက်ရည်(Tea)ကိုလည်း ပြသတော့ ကြိုက်ကြတယ်။ ကော်ဖီတွေလည်း တိုးပြီးပြပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့လည်း ဒီလိုအရည်အသွေးရှိတဲ့ ထုတ်ကုန်အသစ်တွေကို လာရောက်ပြသကြဖို့ ဖိတ်ခေါ်ပါတယ်။

ကုန်စည်ပြပွဲက စီးပွားရေးမိတ်ဖွဲ့ရ

အဓိက ကုန်စည်ပြပွဲတွေ ပြတယ်ဆိုတာ ပြသရင်း ပစ္စည်းတွေကို ကြိုက်နှစ်သက်တယ်ဆိုရင် အော်ဒါတွေ၊ အမှာစာတွေ ပေးကြတယ်။ တချို့က စီးပွားရေးမိတ်ဖွဲ့တွေ ရသွားကြတယ်။ ဒီလိုအဆက်အသွယ်တွေရသွားပြီး ထုတ်လုပ်မှုတိုးချဲ့မယ်၊ ဈေးကွက် တိုးချဲ့နိုင်မယ်။ ဒီလိုနည်းနဲ့ အောင်မြင်လာကြတာဖြစ်တယ်။ ဒါကြောင့်လည်း တစ်နှစ်ပြပြီးတဲ့သူက နှစ်စဉ်လိုက်ပါပြသနိုင်ဖို့ကြိုးစားတယ်။ တစ်နှစ်လာတိုင်းလည်း ဖောက်သည်တွေတိုးပြီးရပါတယ်။ နောက်နှစ်တွေမှာ ဒီထက်နေရာပိုမိုရဖို့ တောင်းဆိုပြီး ပြသသွားမှာဖြစ်ပါတယ်။

ဒီပွဲမှာ National Promotion Conference တစ်ခု လုပ်တယ်။ ပို့ကုန်တွေကို promotion လုပ်တဲ့ ဆွေးနွေးပွဲပါ။ ဒုတိယသမ္မတ တက်ရောက်ချီးမြှင့်သလို အခြားတရုတ်နိုင်ငံက လူကြီးတွေလည်း တက်ရောက်ကြတယ်။ တရုတ်-မြန်မာ လုပ်ငန်းရှင်တွေ တက်ရောက်ကြပြီး မြန်မာနိုင်ငံထုတ်ကုန်တွေကို ရှင်းလင်းကြမယ်။ အဲဒီမှာ တရုတ်-မြန်မာ လုပ်ငန်းရှင်တွေ အချင်းချင်းချိတ်ဆက်မှုတွေ ရသွားမှာ ဖြစ်ပါတယ်။

မေး။ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအများဆုံး နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းရဲ့ ၂၆ ရာခိုင်နှုန်းလောက်က တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံတာဖြစ်ပါတယ်။ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုက လက်ရှိမှာ အမြင့်ဆုံးဖြစ်နေပြီး နောက်ထပ်အလားအလာတွေလည်း အများကြီးရှိပါတယ်။ ထုတ်လုပ်မှုကဏ္ဍအားလုံးမှာ နိုင်ငံတော်အနေနဲ့ မလွှယ်နိုင်ပါဘူး။ ဒါကြောင့် အမှန်တကယ် အဓိကပို့ကုန်အဖြစ်မြှင့်တင်မယ့် ပို့ကုန်အမယ်ပစ္စည်းတွေ ထုတ်လုပ်နေတဲ့သူတွေကို ထိထိရောက်ရောက် ကူညီအားပေးမယ်ဆိုရင် ပိုမိုထိရောက်လာမှာဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေ လုပ်သာကိုင်သာတဲ့ စီးပွားရေးပတ်ဝန်းကျင်ရှိဖို့ လိုပါတယ်။ ဒါကြောင့် ဒီလို စီးပွားရေး ပတ်ဝန်းကျင်မျိုးကို လုပ်ဆောင်ပေးနိုင်မယ်ဆိုရင် ထုတ်လုပ်မှုလည်း တက်မယ်၊ လုပ်ကိုင်ရတာလည်းလွယ်မယ်၊ ဈေးကွက်ကလည်း ရှိမယ်ဆိုရင် တိုးတက်မှုမြန်ဆန်လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဖြစ်ပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးကို အခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အဓိကလှုံ့ဆော်မြှင့်တင်ပေးရတဲ့ ဌာနဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ဒီတာဝန်ကို ကျေပွန်အောင် အထူးကြိုးစားနေပါတယ်။ အခုလိုကျင်းပတဲ့ ကုန်စည်ပြပွဲတွေမှာ မြန်မာနိုင်ငံကို ကိုယ်စားပြုတဲ့လုပ်ငန်းရှင်တွေ လွယ်ကူစွာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်အောင် ကြိုးစားပေးနေပါတယ်။ အခြားသော ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းတွေကိုလည်း အဘက်ဘက်က ဆောင်ရွက်ပေးနေပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံကုန်သွယ်မှု တိုးတက်အောင် ဆောင်ရွက်ပေးကြဖို့ အသိပေးတိုက်တွန်းလိုပါတယ်။

ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ။

သတင်းအဖွဲ့

ဘက်စုံအဆင့်မြင့်နည်းပညာသုံး စိုက်ကွင်းများပြပွဲနှင့် ရွက်ဖျန်းအားဆေးပေးအပ်ပွဲ မူဆယ်နှင့် နမ့်ခမ်း၌ ကျင်းပ

မူဆယ် စက်တင်ဘာ ၁၅

ရှမ်းပြည်နယ်မြောက်ပိုင်း စိုက်ပျိုးရေးဦးစီးဌာန မူဆယ်ခရိုင်တွင် ခရိုင်အဆင့်ဘက်စုံအဆင့်မြင့်နည်းပညာသုံးစိုက်ကွင်းများပြပွဲနှင့် မိုးစပါးအတွက် ရွက်ဖျန်းအားဆေးပေးအပ်ခြင်း၊ တောင်သူပညာပေးဆွေးနွေးခြင်းကို စက်တင်ဘာ ၁၄ ရက်က မူဆယ်နှင့် နမ့်ခမ်းမြို့နယ်တို့ရှိ စံပြကျေးရွာစိုက်ကွင်းများတွင် ကျင်းပသည်။

မူဆယ်မြို့နယ် နောင်လောင်ကျေးရွာတွင် ခရိုင်အဆင့်ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာတို့မှ တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဒေါ်နန်းလွင်လွင်စိန်က ကွင်းသရုပ်ပြပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ခရိုင်ပိုးမွှားတာဝန်ခံနှင့်အဖွဲ့က ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲတတ်စေရန် ပညာပေးဆွေးနွေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းကိုပြသခဲ့ပြီး နောင်လောင်ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာနှင့် နမ့်ခမ်းမြို့နယ်ရှိ နောင်ဘောင်နှင့် မန့်နောင်စံပြကျေးရွာတို့မှ တောင်သူတို့အား ရွက်ဖျန်းဓာတ်မြေဩဇာများ အခမဲ့ဖြန့်ဝေခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နောင်လောင်ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာမှ တောင်သူများ၊ နောင်ဘောင်၊ မန့်နောင်မှ စပါးစိုက်တောင်သူများ တက်ရောက်ကြပြီး အဆိုပါဘက်စုံအဆင့်မြင့်နည်းပညာသုံးစိုက်ကွင်းပြပွဲနှင့် ပညာပေးသရုပ်ပြခြင်းကို မူဆယ်ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

၁၆၄

ပထမအကြိမ်မြောက် ကိုရီးယားရိုးရာ ဂီတပွဲတော် ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ပထမအကြိမ်မြောက် ကိုရီးယားရိုးရာ ဂီတပွဲတော်ကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဂီတပွဲတော်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သံအမတ်ကြီး မစ္စတာ လီစန်းဟွာနှင့် သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရောက် ကိုရီးယားလူမျိုးများအသင်းမှ တာဝန်ရှိသူများနှင့် ကိုရီးယားနိုင်ငံသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကိုရီးယားရိုးရာဂီတအစည်းအရုံးဥက္ကဋ္ဌ မစ္စ ဟုန်ဆောင်းဒေါ့က မြန်မာနိုင်ငံဆိုင်ရာကိုရီးယား သံအမတ်ကြီးနှင့် မြန်မာနိုင်ငံရောက် ကိုရီးယားလူမျိုးများအသင်းဥက္ကဋ္ဌ မစ္စတာ ဂျောင်းဆောင်းဟိုတို့အား ဂုဏ်ပြုပန်းစည်းနှင့် အထိမ်းအမှတ်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့အား အမှတ်တရပန်းစည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ပြီး ပွဲတော်သို့ ကိုရီးယားနိုင်ငံမှ ပေးပို့လာသော သဝဏ်လွှာအား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သံအမတ်ကြီးက ဖတ်ကြားသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်များကို စတင်ရာ ကိုရီးယားရိုးရာဂီတအသင်းမှ အနုပညာရှင်အကျော်အမော်များနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တို့မှ ကျောင်းသား၊ ကျောင်းသူများက တေးသရုပ်ဖော် အကအလှများ၊ ရိုးရာ အက၊ ရိုးရာသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ ယဉ်ကျေးမှုဖလှယ်သည့်အနေဖြင့် အဆိုပါဂီတပွဲတော်ကို ကျင်းပခြင်းဖြစ်ပြီး ပွဲတော်ဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံရှိ Korean Association ၏ ဦးဆောင်မှုနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးတို့၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးနှင့် မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးနှင့် မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ထုတ်ဝေရေး ညှိနှိုင်းအစည်းဝေးတို့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြန်မာ့စွယ်စုံကျမ်းများ ထုတ်ဝေရေး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အချက်အလက် ခိုင်မာမှုန်ကန်ရေး၊ တာဝန်ခံစာတည်းအဖွဲ့နှင့် သုခမိန်အဖွဲ့ ဖြည့်စွက်ဖွဲ့စည်းရေး၊ လုပ်ငန်းအချိန်ဇယားလျာထား သတ်မှတ်ဆောင်ရွက်ရေးတို့ကို ပြန်လည်ဆွေးနွေးမှာကြားသည်။

ယခုအခါ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေနိုင်ရေးအတွက် စာအုပ်ပုံစံအကြမ်းဖွဲ့စည်းနိုင်ခဲ့ပြီး ယင်းကျမ်း ပထမတွဲပါ စာမူများအပေါ် ပညာရှင် ၂၆ ဖွဲ့၏ အကြံပြုချက်များနှင့် စာတည်းအဖွဲ့၏ ထောက်ညွှန်ချက်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ထုတ်ဝေရေးညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ စာစဉ်ထုတ်ဝေရေးဆိုင်ရာ အတွင်းရေးမှူး ဦးသန်းအုန်း (မောင်ဇေယျာ) က ဝတ္ထုရှည် ပထမတွဲ၊ ဒုတိယတွဲနှင့် တတိယတွဲများ ထွက်ရှိနိုင်ရန် ဆောင်ရွက်ထားမှု အခြေအနေကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်၊ ဝတ္ထုရှည်ကဏ္ဍအတွက် ကနဦး သုံးတွဲကို တစ်ပြိုင်တည်း ထုတ်ဝေနိုင်ရန် အချိန်ဇယား လျာထားသတ်မှတ်ခြင်း၊ ဆက်လက်ထွက်ရှိမည့် အတွဲများတွင် ပါဝင်မည့် ဝတ္ထုရှည်များ ရွေးချယ်အတည်ပြုခြင်းတို့နှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည် ပထမတွဲတွင် ဂျိမ်းစ်လှကျော်၏ "မောင်ရင်မောင် မမယ်မ"၊ ဝန်စာရေးဦးကြီး၏ "ချဉ်ပေါင်ရွက်သည် မောင်မှိုင်း"၊ မအေးခင်၏ "ချစ်ရိုးအမှန်" တို့ဖြင့် လည်းကောင်း၊ ဝတ္ထုရှည်ဒုတိယတွဲတွင် ဦးလတ်၏ "ရွှေပြည်စိုး"၊ ရွှေဥဒေါင်း၏ "ရတနာပုံ"၊ မောင်ဘသန်း၏ "ဘီအေမောင်ဘလွင်" တို့ဖြင့် လည်းကောင်း၊ ဝတ္ထုရှည်တတိယတွဲတွင် ပီမိုးနင်း၏ "နေရီရီ"၊ ဦးလတ်၏ "တနန်းပျော် ရင်သွေးတော်"၊ သခင်ကိုယ်တော်မှိုင်း၏ "မှာတော်ပုံ" တို့ဖြင့် လည်းကောင်း ပါဝင်ဖွဲ့စည်းထားပြီး လာမည့်ဒီဇင်ဘာလဆန်းတွင် ထွက်ရှိနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည်အတွဲများ ဆက်လက်ထွက်ရှိနိုင်ရန်အပြင် ဝတ္ထုတို၊ ပြဇာတ်၊ ကဗျာ၊ အက်ဆေး၊ စာပဒေသာ စသည့်စာစဉ်တွဲများ ထွက်ရှိနိုင်ရန်အတွက်လည်း ယင်းစာစဉ် ထုတ်ဝေရေးဆိုင်ရာကော်မတီဝင်များ၊ ပညာရှင်များနှင့် စာပေဗိမာန် စာတည်း အဖွဲ့ဝင်များက ညှိနှိုင်းပေါင်းစပ်၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ရုပ်မြင်သံကြားနှင့်အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ Broadcasting Governing Body (BGB) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၅/၂၀၁၈ ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပရာ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် တရားမဝင်ဂြိုဟ်တုစလောင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက ယခင်အစည်းအဝေး ၄/၂၀၁၈ ၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ စက်မှုဌာနခွဲနှင့် စီမံခန့်ခွဲရေးဌာနခွဲတို့မှ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ဝင်များက တရားမဝင်ဂြိုဟ်တုစလောင်းကိစ္စ၊ အွန်လိုင်းတီဗွီကိစ္စ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးကြသည်။

သတင်းစဉ်

❒ **ရွှေဖုံးမှ**

ရေအောက်မြေခံအား သဲများမှုတ်ထည့်၍ ကျောက်ကြီးများတင်ကာ သစ်သားဇလီဖားတုံးများကို ဆင့်ခံပြီး သံပေါင်တင်ရန် ပြင်ဆင်နေပြီဖြစ်သည်ကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

"တံတားထိုးမယ့် အောက်ခြေကို သဲမှုတ်ထည့်တယ်။ အပေါ်ကကျောက် ထိုးထည့်တာပေါ့။ ကျောက်ကြီးပေါ်ကမှ ဇလီဖားတုံးတွေခံမယ်၊ အပေါ်က သံပေါင်တွေတင်မှာ ကျောက်ခုံတွေကို သံလမ်းပိုင်ရိုက်တာတွေကို ဖောင်ဖွဲ့ပြီး ရိုက်နေပြီ။ ခန့်မှန်းတာကတော့ စက်တင်ဘာ ၁၈ ရက်လောက် ရထားတွေသွားနိုင်မယ်လို့ မှန်းထားတယ်။ ပြီးစီးအောင်လည်း နေ့ရော ညပါဆောင်ရွက်နေတယ်။ လုပ်သားအင်အားက ရထားလမ်းပိုင်းတစ်လျှောက်မှာ ၃၈၁ ဦးနဲ့ လုပ်နေတယ်။ ခုတောင် ကျောက်ချတဲ့ ရထားတွေဆို ရေတာရှည်ဘက်ကနေလည်း လာလို့ရနေပြီ။ ဆွာဘက်ကလည်း လာ လို့ရနေပြီ။ အဆန်လမ်းပိုင်းကနေရထားတွေသွားနိုင်ပြီဆိုရင် ဒီတံတားကနေ လမ်းလွှဲလုပ်ပေးလို့ရပါတယ်"ဟု ဒုတိယအထွေထွေမန်နေဂျာ(မြို့ပြ) ဦးဌေးလှိုင်က ပြောသည်။

ကိုလွင်(ဆွာ)

ရွေးချယ်တင်မြှောက်ထားသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေး နှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အသစ်ရွေးချယ် တင်မြှောက်ထားသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

အသစ်ရွေးချယ်တင်မြှောက်

ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြဋ္ဌာန်းထားသည့် သတင်းမီဒီယာဥပဒေပါ အချက်များနှင့်အညီ သက်တမ်းကုန်ဆုံးတော့မည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် တာဝန်လွှဲပြောင်း/လက်ခံ ပြုလုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်အသစ်များဖြင့် ရွေးချယ်ဖွဲ့စည်းနိုင်ရန်၊ ဖွဲ့စည်းဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်တွင် ကတိသစ္စာ ပြုနိုင်ရန် စသည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နေမှုနှင့်အတူ အသစ်ရွေးချယ်တင်မြှောက်ထားသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အဖွဲ့ဝင်များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိုင်ငံ၏ အကျိုးစီးပွားနှင့် သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် အသစ်ရွေးချယ်တင်မြှောက်ထားသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင်(ဟံသာဝတီ ဦးအုန်းကြိုင်)က သက်တမ်းကုန်ဆုံးတော့မည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတွင် ပါဝင်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ပြီး ဆောင်ရွက်မည့်အခြေအနေ၊ ကောင်စီအသစ်အနေဖြင့် နိုင်ငံ၏ အကျိုးစီးပွားနှင့် သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အသစ်ရွေးချယ်တင်မြှောက်ထားသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တက်ရောက်လာကြသူများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားပြီး ဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတွင် ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားကြသည်။

ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အသစ်ရွေးချယ်တင်မြှောက်ထားသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် တာဝန်ထမ်းဆောင်ရမည့် ကာလအတွင်း ရလဒ်ကောင်းများရရှိအောင် ရည်မှန်းချက်ထားရှိပြီး နည်းလမ်းများ ရှာဖွေဆောင်ရွက်သင့်ပါကြောင်း၊ ထိုသို့ ညှိနှိုင်းဆောင်ရွက်မှုများတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း နိဂုံးချုပ်ပြောကြားသည်။

၂၀၁၄ ခုနှစ် မတ် ၁၄ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် သတင်းမီဒီယာ ဥပဒေအရ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏သက်တမ်းသည် သုံးနှစ်ဖြစ်ရာ လက်ရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် လာမည့် နိုဝင်ဘာ ၁၁ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ စက်တင်ဘာ ၈ ရက်က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ၂၉ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းစဉ်များအတိုင်းဆောင်ရွက်

အဆိုပါ ရွေးချယ်တင်မြှောက်ထားသည့် ကောင်စီဝင်များ၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ တင်သွင်းရန်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန် ဖွဲ့စည်းရန်၊ ထိုသို့ ဖွဲ့စည်းပြီးနောက် ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုရန် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကချင်ပြည်နယ်တွင် မိုင်းကြောင့် ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံ

မြစ်ကြီးနား စက်တင်ဘာ ၁၅

ကချင်ပြည်နယ်အတွင်း မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ထိရောက်စွာတိုးမြှင့်ဆောင်ရွက်ခြင်း၊ မသန်စွမ်းများနှင့် ပတ်သက်သော အခွင့်အရေးများအပြည့်အဝရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း စသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အထောက်အကူပြုသောလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကချင်ပြည်နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းတို့၏ ဆန္ဒနှင့်အညီ စနစ်တကျ ပြန်လည်နေရာချထားရေးကိုလည်း ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၏ လက်ရှိဆောင်ရွက်နေမှုများကို အစိုးရက ပူးပေါင်းပံ့ပိုး လက်တွဲကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဖားကန့်ဒေသတွင် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ လုံခြုံရေး၊ လုပ်ငန်းများစနစ်တကျ ဆောင်ရွက်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကချင်ပြည်နယ်အစိုးရအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အမျိုးသမီးဦးဆောင် မိသားစုများနှင့် မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများကို မြို့နယ်အလိုက် ပေးအပ်ထောက်ပံ့ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး မသန်စွမ်းသူများကိုယ်စား ဆဒ္ဒုံးမြို့မှ မဂူမီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ထောက်ပံ့ငွေလက်ခံရရှိမည့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး ယနေ့ ထောက်ပံ့မှုမှာ မသန်စွမ်းသူ ၃၉၅၈ ဦးအတွက် ငွေကျပ် ၁၃၂၁၇၀၀၀၀ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်နယ်လူမှုဝန်ထမ်းဦးစီးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ပြည်သူများအသိအမှတ်ပြုခံရအောင် စွမ်းဆောင်ကြိုးပမ်းခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ဆက်လက်၍ မြစ်ကြီးနားမြို့ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ပြန်လည်တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး သင်တန်းဖွင့်လှစ်နိုင်မည့်အခြေအနေများကို ကြည့်ရှုလေ့လာပြီး ထိုမှတစ်ဆင့် နန်ကျင်ကျေးရွာရှိ ခရစ်ယာန်လူငယ် ပြုစုပျိုးထောင်ရေး သာသနာပြုစခန်းသို့ ရောက်ရှိကြပြီး မူးယစ်ဆေးဖြတ်ပြီးသူများအား ပြည်သူများနှင့် လူမှုအဖွဲ့အစည်းများက စုပေါင်း၍ ပြန်လည်ပြုစုပျိုးထောင်ရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာပြီး အလှူငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒေသတွင်းလုံခြုံရေးစောင့်ကြည့်နိုင်ရန် မကွေးမြို့ရှိ နေရာလေးခု၌ စီစီတီဗွီကင်မရာ ၁၄ လုံး တပ်ဆင်မည်

မကွေး စက်တင်ဘာ ၁၅

မကွေးဒေသတွင်းလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လင်းယုန်စီမံချက်ကို အကောင်အထည်ဖော်လျက်ရှိပြီး လူအင်အားသာမက နည်းပညာအကူအညီဖြင့်ပါ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်ရန် မကွေးမြို့၏ မြို့အဝင်အထွက် နေရာသုံးခုနှင့် မြို့တွင်းနေရာတစ်ခုတို့တွင် CCTV ကင်မရာ ၁၄ လုံး တပ်ဆင်ပြီး စောင့်ကြည့်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မကွေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေတင်ထံမှ သိရသည်။

ရောဝတီတံတားအဝိုင်း၊ အထက(၃)အနီး နတ်မောက်လမ်းနှင့် မြို့ပတ်လမ်းထောင့် ၊ အမှတ်(၂)ရဲစခန်းအနီး ကြာပန်းအဝိုင်း နေရာသုံးခု၌ CCTV ကင်မရာ သုံးလုံးစီနှင့် အထိုင်မော်နီတာတစ်လုံးစီ၊ လမ်းငါးသွယ်အဝိုင်းပတ်၌ CCTV ကင်မရာ ငါးလုံးနှင့် အထိုင်မော်နီတာတစ်လုံးတို့ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ငွေကျပ်သိန်း ၃၀ ကျော် အကုန်အကျခံ တပ်ဆင်သွားမည်ဖြစ်သည်။

“လင်းယုန်စီမံချက်လုပ်တာ တစ်ပတ်ကျော်ပြီ။ စီမံချက်ကာလ တစ်လအတွင်းမှာ အမီလုပ်သွားမှာပါ။ ကင်မရာတွေ တပ်ထားတော့ ဖြစ်စဉ်တစ်ခုဖြစ်သွားပြီဆိုရင် အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်လို့ရမယ်။ ကင်မရာရဲ့ပေ ၃၀ အတွင်းမှာ ဖြတ်လာတဲ့ ကားတွေ၊ ဆိုင်ကယ်တွေရဲ့နံပါတ်တွေရအောင် လုပ်နိုင်လာမယ်။ ယာဉ်တွေရဲ့လားရာဘက်တွေကြည့်ပြီး ရဲတပ်ဖွဲ့ဝင်အချင်းချင်း ချိတ်ဆက်ပြီး ချက်ချင်းထိန်းသိမ်းလာနိုင်ပါမယ်” ဟု ရဲမှူးငွေတင်က ပြောသည်။

မကွေးမြို့လမ်းလျှောက်သင်္ကြန်နှင့် SME ပွဲတော်များတွင်လည်း CCTV ဖြင့် လုံခြုံရေးဆိုင်ရာ ထိန်းကျောင်းမှုများ လုပ်ဆောင်ခဲ့ဖူးကြောင်း၊ လတ်တလောတွင် စီးပွားလုပ်ငန်းရှင်များက လုပ်ငန်းသုံး CCTV ကင်မရာများကို ဆိုင်ရှေ့မျက်နှာစာကိုသာမက လမ်း၏ လားရာနှစ်ဖက်ကိုလည်း လှည့်ထားပေးရန် သဘောတူ၊ ကူညီမှုများ ရှိနေကြောင်း သိရသည်။

“လမ်းဆုံလမ်းခွတွေအားလုံးမှာ CCTV တွေ အကုန်ထားနိုင်ပြီး ရန်ကုန်မှာလို ထိန်းချုပ်ရေးစင်တာကြီးတစ်ခုရှိမယ်ဆိုရင်တော့ တစ်နေရာမှာ တစ်ခုခုဖြစ်လိုက်တာနဲ့ ချက်ချင်းလိုက်လို့ရပါမယ်။ ကြိုတင်ကာကွယ်တာတွေကိုလည်း ထိထိရောက်ရောက် လုပ်နိုင်လာပါမယ်။ အားလုံးက ဝိုင်းဝန်းမယ်ဆိုရင်တော့ ဖြစ်လာမှာပါ”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်သူများကို တာဝန်ယူစောင့်ရှောက်ရာတွင် နိုင်ငံတကာစံနှုန်းအရ ရဲတပ်ဖွဲ့ဝင်နှင့် ပြည်သူအချိုးအစားမှာ ၁ အချိုး ၂၂၀ ဟု သိရပြီး ယင်းစံကိုမီရန် များစွာလိုအပ်နေသော မြန်မာနိုင်ငံ၌ နည်းပညာအကူအညီများစွာလိုအပ်နေကြောင်း၊ အရက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ၏ သက်ရောက်မှုကို မြို့ပြအသီးသီးတွင် ခံစားနေရချိန်၌ ရဲတပ်ဖွဲ့ အင်အားတိုးချဲ့ခြင်း၊ နည်းပညာနှင့် အထောက်အပံ့များ လုံလောက်စွာပေးအပ်ခြင်း၊ ဒေသတွင်းတည်ငြိမ်မှုကို အဟန့်အတားဖြစ်စေသော လုပ်ငန်းများ အပေါ် စည်းကမ်းတင်းကျပ်ခြင်းများ လုပ်ဆောင်စေလိုကြောင်း မကွေးဒေသခံများထံမှ သိရှိရသည်။

ဇေယျတု(မကွေး)

“(၂၄) နာရီ (၁) ချစ်” ရုပ်ရှင်ဇာတ်ကား စက်တင်ဘာ ၂၁ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် စက်တင်ဘာ ၁၅

Film House ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ကိုဇော်(အရဏ်ဦး) ရိုက်ကူးထားသည့် “(၂၄) နာရီ (၁) ချစ်” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် ည ၇ နာရီက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး စက်တင်ဘာ ၂၁ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် အောင်ရဲလင်းက “ဒီကားကတော့ အချစ်ဟာသကားလေးပါ။ အချစ်နဲ့ ပတ်သက်တဲ့ရသလေးတွေကို ပျော်ရွှင်ဖွယ်ရာတွေနဲ့အတူ တွေ့မြင်ရမှာပါ။ ရိုက်ကူးခဲ့တာကတော့ သုံးနှစ်ကျော် လေးနှစ်လောက်ကြာခဲ့ပါပြီ။ ကျွန်တော် ဒီကားထဲမှာ အဝတ်အစား ဒီဇိုင်းပိုင်းနဲ့ပတ်သက်ပြီး ထွေထွေထူးထူးလုပ်ထားတာမျိုး မရှိပါဘူး။ သာမန်ရုပ်ကွက်ထဲက ကောင်လေးတစ်ယောက်ပုံစံမျိုးပဲ ဝတ်ထားတာပါ။ အဲဒါကြောင့် ဒီဇာတ်ကားမှာ အများကြီး ထွေထွေထူးထူးပြောင်းလဲသွားတာမျိုး မရှိပါဘူး။ ကျွန်တော်ရိုက်တဲ့ဇာတ်ကားတိုင်းကို အားရပါတယ်”ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် အောင်ရဲလင်း၊ ရာဇာနေဝင်း၊ ဒိန်းဒေါင်၊ မိုးဟေကို၊ အေးမြတ်သူ၊ ထွန်းထွန်းဝင်း၊ ညီဂျော်၊ အောင်ခိုင်၊ ဝင်းနိုင် (အနုပညာ)၊ ဦးဝင်းမြိုင်၊ ဘိုဘို ၊ ချမ်းမေမြတ်နိုး၊ ဝါဝါအောင်၊ မျိုးမျိုးခိုင်၊ အေးအေးခိုင်တို့နှင့် အခြားသော အနုပညာရှင်များပါဝင်ပြီး လူမှုကွန်ရက်မှ အကြောင်းအရာများကြောင့် လူမှုဘဝ ပတ်ဝန်းကျင်တွင် အလွဲလွဲအချော်ချော်ဖြစ်ခဲ့ရပုံတို့ကိုအခြေခံကာ အချစ်နှင့် ဟာသ ရောနှော ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

သရုပ်ဆောင် အေးမြတ်သူက “ဒီဇာတ်ကားထဲမှာ ဇီဇာကြောင်ပြီးတော့ ရပ်ကွက်ထဲမှာ ကြိုက်မယ့်သူမရှိတဲ့ အပျိုကြီးပါ။ ဘယ်ကမှန်းမသိတဲ့ ချစ်သူတစ်ယောက်ကို သိပ်ချစ်ပြီး သည်းသည်းလှုပ်ဖြစ်နေတဲ့ အပျိုကြီးတစ်ယောက်ပါ။ အမှတ်တရအနေနဲ့ ပြောရရင် ၂၀၁၅ ခုနှစ်တုန်းက ပထမဦးဆုံးပြန်ခေါ်ရိုက်တဲ့ ရုပ်ရှင်ကားကြီးပါ။ ဒီကားပြီးမှ ရုပ်ရှင်ကားကြီးတွေ ပိုပိုပြီး ရိုက်ဖြစ်ခဲ့တာပါ။ ၂၀၁၃ နှစ်ဝက်နဲ့ ၂၀၁၄ တစ်နှစ်လုံး ရုပ်ရှင်ကားကြီးတွေ မရိုက်ရဘူး။ ဒီကားဟာ ပထမဦးဆုံး ပြန်ခေါ်ရိုက်တဲ့ကားပါ။ အဲဒီအတွက် ဒါရိုက်တာ ဦးဇော်ကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ အဲဒီလိုပြန်ခေါ်ရိုက်တဲ့အတွက်ကြောင့်လည်း ဒီလောကနဲ့ နီးစပ်ပြီးတော့

အောင်ရဲလင်း | မိုးဟေကို | အေးမြတ်သူ | ဒိန်းဒေါင်

ကားတွေ ပိုပိုပြီး ရိုက်ခဲ့ရပါတယ်။ နောက်အမှတ်တရအနေနဲ့ကတော့ ကိုရာဇာကြီးနဲ့ဆုံတဲ့အခန်းတွေမှာ ပျော်လည်းပျော်တယ်။ ကြောက်လည်းကြောက်တယ်။ ဒီဇာတ်ကားက အချစ်နဲ့ ဟာသကားလေးပါ။ ဟာသပလော့တွေကတော့ ဦးဇော်ရဲ့လက်ရာအတိုင်း တကယ့်ကို ရယ်မောပျော်ရွှင်စေရမယ်လို့ အာမခံပါတယ်”ဟု ပြောသည်။

အဆိုပါ ဇာတ်ကားသည် အချစ်ဟာသကားလေးဖြစ်သည့်အတွက် ရိုက်ကူးသည့်အချိန်တွင် အခက်အခဲမရှိခဲ့သည့်အပြင် သရုပ်ဆောင်များစွာ ပါဝင်ထားသည့်အတွက် ပျော်ရွှင်စရာကောင်းကြောင်း၊ ပရိသတ်များအနေဖြင့်လည်း ပျော်ရွှင်စရာရသများကို ခံစားရမည်ဖြစ်ပြီး ကြည့်ရှုပြီးသည့်အခါတွင် ဝေဖန်အကြံပေးနိုင်ကြောင်း သရုပ်ဆောင် မိုးဟေကိုကပြောသည်။

သရုပ်ဆောင်အောင်ခိုင်က “ဇာတ်ကားထဲမှာ ဒီလိုခန္ဓာကိုယ်မျိုးနဲ့ရောဂါဝေဒနာကြီးကြီးမားမား ခံစားရတဲ့ဇာတ်ရုပ်မျိုးပါ။ ကိုယ့်ရဲ့လုပ်ခွင့်အပေါ်မှာ တာဝန်ကျေအောင် သရုပ်ဆောင်ထားပါတယ်။ ၂၀၁၅ လောက်က ရိုက်ထားတဲ့ဇာတ်ကားလေးပါ။ အဲဒီတုန်းက ရိုက်ခဲ့တာဆိုပေမယ့် ဒါရိုက်တာက ကိုဇော် (အရဏ်ဦး) ဖြစ်တဲ့အတွက် ဦးတို့မြန်မာစကားပုံလိုပဲ အရိုးဆုံးက ဘယ်တော့မှမရိုးဘူး၊ အဆန်းဆုံးဖြစ်တတ်ပါတယ်။ အဲ့ဒီတုန်းကတည်းက စကားလုံးတွေဟာ ဒီဘက်ခေတ်ရောက်တဲ့အထိမရိုးသွားပါဘူး။ အိုက်တင်တွေကလည်း ဒီကနေ့ ခေတ်နဲ့ အညီရှိနေတဲ့ သရုပ်ဆောင်တွေပဲဖြစ်တဲ့အတွက် ရိုက်ထားတာကြာသွားပေမယ့် ပရိသတ်တွေအတွက် တစ်ခုခုရရှိစေမယ့် ကားလေးပါ” ဟုပြောသည်။

သရုပ်ဆောင် ဝါဝါအောင်ကလည်း ယင်းဇာတ်ကားတွင် ၎င်းတို့ဇနီးမောင်နှံအနေဖြင့် လင်မယားအခန်းကပင် ပါဝင်သရုပ်ဆောင်ခဲ့ရပြီး ဇာတ်ဝင်ခန်းမှာ များများစားစားမရှိကြောင်း၊ ရပ်ကွက်ထဲတွင် ဖြစ်လေ့ဖြစ်ထရှိသည့် အလွဲအချော် ဇာတ်ရုပ်လေးများအတိုင်း ပါဝင်အားဖြည့် သရုပ်ဆောင်ထားခြင်းဖြစ်ကြောင်း ပြောသည်။

သရုပ်ဆောင် ဒိန်းဒေါင်က “ဒီကားထဲမှာတော့ အောင်ရဲလင်းရဲ့သူငယ်ချင်း အင်တာနက်ဆိုင်ပိုင်ရှင်အနေနဲ့ သရုပ်ဆောင်ထားတာပါ။ အောင်ရဲလင်း ဒုက္ခပေးတာမျိုးတွေအပြင် ကိုယ်တိုင် အလွဲလေးတွေလုပ်တဲ့ ဇာတ်ရုပ်မျိုးပါ။ အမှတ်တရအနေနဲ့ဆိုရင်တော့ ကျွန်တော့်အနေနဲ့ ဒီဇာတ်ကားဟာ အောင်ရဲလင်းနဲ့ ပထမဆုံးတွဲပြီး ရိုက်ကူးတဲ့ရုပ်ရှင်ကားကြီးပါ။ ရာဇာနေဝင်းနဲ့လည်း အပြင်မှာ ပထမဆုံးတွဲပြီးရိုက်ဖူးတဲ့ရုပ်ရှင်ကားကြီးလို့ပြောလို့ရပါတယ်။ ဒီဇာတ်ကားလေးဟာ အချစ်ဟာသကားလေးဆိုပေမယ့် ကိုဇော် (အရဏ်ဦး)ရဲ့ မူအတိုင်းပဲ တခြားကားတွေနဲ့ ကွဲထွက်နေပါလိမ့်မယ်”ဟု ပြောသည်။

သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်

အမြို့မြို့အနယ်နယ်၌ ပြည်သူ့စကားဝိုင်းများကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Smaritan's Purse တို့ ပူးပေါင်း၍ ပြည်သူ့စကားဝိုင်းကို ယမန်နေ့က အထက(၁)ကြည့်မြင်တိုင် မြဝတ်ရည် ခန်းမ၌ ကျင်းပသည်။

ကြည့်မြင်တိုင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်းက ပြည်သူ့စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်မှာ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုပိုမိုမြင့်လာစေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထကောင်းများ အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူ့စကားဝိုင်းတွင် ဦးကျော်နန္ဒအောင်(ကြည့်မြင်တိုင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)၊ ရဲမှူး မောင်မောင်အောင်(ကြည့်မြင်တိုင် မြို့နယ်ရဲမှူး)၊ ဦးသိန်းဆွေ(ကြည့်မြင် တိုင်မြို့နယ်၊ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ဥက္ကဋ္ဌ)၊ ဦးကျော်ဇေယျ(Sky Net Home Channel) နှင့် နော်မေနှင်းစံ (Samaritan's Purse) တို့အား “သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး” ခေါင်းစဉ်အောက်မှ တစ်ဦးချင်း ရှုမြင်သုံးသပ်မှုများကို ပြောကြားတင်ပြကြပြီး အပြန်အလှန် ဆွေးနွေးမှုများ ပြုခဲ့ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ တက်ရောက်လာကြသူ ကျောင်းသား ကျောင်းသူလေးများက သိကောင်းစရာမေးခွန်းများကို မေးကြပြီး ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဗန်းမော်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်နှင့် မူးယစ်ဆေးဝါး အန္တရာယ်ခေါင်းစဉ် ဖြင့် ပြည်သူ့စကားဝိုင်းကို မန်စီမြို့နယ် မြို့တော်ခန်းမ၌ စက်တင်ဘာ ပထမပတ်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ထွန်းက ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ချို၊ မြို့နယ် ပညာရေးမှူး ဦးတင်လွေး၊ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသိန်းအောင်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးကျော်သူတို့က ဦးဆောင် ဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများ၊ NGO အဖွဲ့ဝင်များ၊မန်စီမြို့နယ် အထကမှ ကျောင်း သားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)

ချောင်းဆုံ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ စက်တင်ဘာ ဒုတိယပတ်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မြက အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နီနီချိုက ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်း အောင်ကျော်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စမ်းစမ်းမော်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ထွန်းဦး၊ ဆည်မြောင်းဦးစီးဌာနမှူး ဦးခင်မောင်မောင်ဇော်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖွဲ့ကိုကို၊ ကျေးလက်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အိအိခိုင်နှင့် ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး အဆင့်(၁)ဦးမြင့်ဝင်းတို့က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဌာနအလိုက် ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကိုလည်း ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။ ဆွေးနွေးပွဲသို့ ဒေသခံပြည်သူ ၂၅၀ ခန့် တက်ရောက်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ငဖဲ

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော လူကုန်ကူးမှုတားဆီးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၁ ရက်က ငဖဲ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ရွှေခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမောင်၊ မြို့နယ်တရားသူကြီး ဒေါ်အေးမီဝင်းနိုင်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးမြတ်မင်းသူတို့က လူကုန်ကူးမှုတားဆီးရေးခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသောပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက လူကုန်ကူးမှုကျူးလွန်သူများအား အရေးယူဆောင်ရွက်မှုနှင့် ကြိုတင်ကာကွယ်ရန် နည်းလမ်းများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ပြည်ပအလုပ်အကိုင် သွားရောက်လုပ်ကိုင်မှုနှင့် လူကုန်ကူးမှုအကြောင်း အသိပညာပေးဟောပြောရေးတို့ကို ဆွေးနွေးမေးမြန်းခဲ့ကြကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်း လင်းဖြေကြားခဲ့သည်။

သန်းနိုင်ဦး (ငဖဲ)

ရထားလမ်းတားပြုပြင်ရေးလုပ်ငန်းခွင် ရေထွက်မြောင်း ပိတ်ဆို့ထားခြင်းကြောင့် စပါးခင်းများပျက်စီး

ရေတာရှည် စက်တင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး ရထားလမ်း ဆွာမြို့နှင့်ကုန်းကြီးဘူတာအကြားရှိ ကျွန်းသုံးပင်တံတားမှာ ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ဆွာချောင်းတမံရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ကျိုးပြတ်ပါသွားခဲ့ရာ ယခုအခါ တံတားပြန်လည် တည်ဆောက်ရေးနှင့် ရထားလမ်းပိုင်းများ ပြန်လည်ပြုပြင်လျက်ရှိရာတွင် ရထားလမ်းပေါ် တင်ကျန်နေသည့် နုန်းများကို ရထားလမ်းအနောက်ဘက်ရှိ ရေထွက်မြောင်းဘက်သို့ တွန်းချခဲ့သည့်အတွက် ရေနစ်မြုပ်နေသော မိုးစပါးစိုက်ခင်းများ ပျက်စီးမည့် အခြေအနေဖြစ်ပေါ်နေကြောင်း ဒေသခံတောင်သူများက ပြောသည်။

လက်ရှိတွင် နေ့စဉ်ပူပြင်းသည့် နေအရှိန်ကြောင့် စပါးခင်းများအတွင်းရှိ ရေများပူလာသည့်အတွက် စပါးပင်များ သေဆုံးမှုရှိနေပြီး ရထားလမ်းပေါ်၌ ကျောက်ကြီးများ ဖြည့်တင်းလျက်ရှိ၍ ဘက်ဟိုးဖြင့် ပြန်လည်ဖော်ယူသော်လည်း မရနိုင်တော့ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ရေကြီးရေလျှံမှု ဖြစ်စဉ် ကတည်းက ယခုအထိ ရေနစ်မြုပ်နေသည်မှာ ၁၀ ဧက ဝန်းကျင်ရှိပြီး ပြန်လည်စိုက်ပျိုးရန် မဖြစ်နိုင်တော့ကြောင်း ဒေသခံတောင်သူများက ပြောသည်။

ကိုလွင်(ဆွာ)

ထာဝရကုသိုလ်ရယူဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

ရခိုင်အမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၅

ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးနုစိန်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးနုစိန်

လေးစားအပ်ပါသော မဲဆန္ဒရှင် ပြည်သူများရှင်-

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်မကတော့ ရခိုင်အမျိုးသားပါတီ ဒု-ဥက္ကဋ္ဌ ဒေါ်အေးနုစိန် ဖြစ်ပါတယ်။

ကျွန်မတို့ ရခိုင်အမျိုးသားပါတီ Arakan National Party (ANP) ဟာ ရခိုင်လူမျိုးနဲ့ ရခိုင်မျိုးနွယ်စုဝင် တိုင်းရင်းသားများကို ကိုယ်စားပြုပြီး ဖွဲ့စည်းထားတဲ့ ပါတီဖြစ်ပါတယ်။ ရခိုင်အမျိုးသားပါတီဟာ ၂၀၁၀ ရွေးကောက်ပွဲရဲ့ လွှတ်တော်အသီးသီးမှာ လွှတ်တော်ကိုယ်စားလှယ် ၃၅ နေရာအနိုင်ရရှိခဲ့တဲ့ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP) နဲ့ ၁၉၉၀ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ် ၁၁ နေရာ အနိုင်ရရှိပြီးတော့ ၂၀၁၂ မှာ နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ခဲ့တဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် Arakan League for Democracy (ALD) တို့ ရခိုင်အမျိုးသားတစ်ရပ်လုံး စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး ပူးပေါင်းတည်ထောင်လာကြရာမှ ပေါ်ပေါက်လာတဲ့ပါတီဖြစ်ပါတယ်။

ကျွန်မတို့ ရခိုင်အမျိုးသားပါတီရဲ့ အခြေခံမူဝါဒ သုံးရပ်ကတော့

(က) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး- (ဆိုလိုတဲ့သဘောက- ရခိုင်လူမျိုးတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်နဲ့ ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးတွေအားလုံး တန်းတူအခွင့်အရေး ရရှိရေးကို အာမခံတဲ့ "လူမျိုးကို အခြေခံသော ပြည်နယ်များ" နဲ့ ဖွဲ့စည်းတဲ့ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရန်ဖြစ်ပါတယ်။)

(ခ) ရခိုင်တိုင်းရင်းသားမျိုးနွယ်စုအားလုံးနဲ့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ အခြားတိုင်းရင်းသားအားလုံးတို့ရဲ့ အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရေးနဲ့ အဆိုပါအကျိုးစီးပွားတွေကို အစဉ် ကာကွယ်စောင့်ရှောက်သွားရေး။

(ဂ) ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးတို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင် ပြည်သူများရှင်-

ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်ကြောင့်လည်းကောင်း၊ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းကြောင့်လည်းကောင်း တိုင်းရင်းသားပြည်သူအပေါင်းတို့ဟာ ဒုက္ခမျိုးစုံကို နှစ်ပေါင်း ၇၀ ကျော် ခါးစည်းခံစားခဲ့ရပါတယ်။ ယနေ့ထက်တိုင်လည်း ခံစားနေကြရဆဲလည်း ဖြစ်ပါတယ်။ ယနေ့အထိ အမျိုးသားလွတ်မြောက်ရေးတောင်းဆိုတဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြောင့် အပြစ်မဲ့တိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်လျက် ရှိနေကြပါတယ်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ရခြင်းရဲ့ အခြေခံအကြောင်းရင်းဟာ တိုင်းရင်းသားလူမျိုးများအချင်းချင်း တန်းတူရည်တူအခွင့်အရေး မရရှိသေးခြင်း၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အုပ်ချုပ်ခွင့်မရရှိသေးခြင်းတို့ကြောင့် ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ကျွန်မတို့ဟာ သဘောထားကြီးစွာနဲ့ ရဲရဲဝံ့ဝံ့အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အခြေခံပြီးတော့ ဒီမိုကရေစီစနစ်ကိုလည်း အာမခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မဖြစ်မနေ ပေါ်ပေါက်လာရေးအတွက်လည်း ကျွန်မတို့အားလုံး လက်တွဲဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူများရှင်-

ကျွန်မတို့ ရခိုင်အမျိုးသားပါတီဟာ ရခိုင်လူမျိုးတစ်မျိုးတည်းကို အခြေခံတဲ့ ပါတီမဟုတ်ဘူးဆိုတာကို ကျွန်မတို့ပါတီရဲ့ ပါတီဝင်ဖြစ်မှုဆိုင်ရာ မူဝါဒမှာတိတိကျကျ ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်။ ရခိုင်အမျိုးသားပါတီဟာ ရခိုင်နဲ့ ရခိုင်မျိုးနွယ်စုတွေ အပါအဝင် ရခိုင်ပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုထဲက အခြားတိုင်းရင်းသားမျိုးနွယ်စုဝင် မည်သူမဆို ပါတီဝင်အဖြစ် လျှောက်ထားနိုင်ကြပါတယ်။ ပါတီအနေဖြင့်လည်း ရခိုင်ပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေအားလုံးအတွက် ရပ်တည်တိုက်ပွဲဝင်သွားမှာဖြစ်သလို ပြည်ထောင်စုတစ်ခုလုံးရဲ့ အရေးမှာလည်း တက်တက်ကြွကြွပူးပေါင်းပါဝင်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်လည်းပဲ ကျွန်မတို့ ရခိုင်အမျိုးသားပါတီရဲ့ လုပ်ငန်းစဉ် (၁၈) ရပ်ကို ပါတီဖွဲ့စည်းပုံမှာ တိတိကျကျပြဋ္ဌာန်းဖော်ပြထားရှိပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြပါတယ်။ လုပ်ငန်းစဉ် (၁၈) ရပ်ကို အကျဉ်းချုပ်တင်ပြရမယ်ဆိုရင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအခွင့်အလမ်းများ တိုးတက်မြင့်မားလာစေဖို့၊ အလုပ်သမားသမဂ္ဂ၊ လယ်သမားသမဂ္ဂများ ပေါ်ပေါက်လာစေဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပေါ်ပေါက်လာသည့် စီမံကိန်းကြီးများမှာ ရခိုင်အမျိုးသားလုပ်ငန်းရှင်များက ပါဝင်လုပ်ပိုင်ခွင့်ရရှိရေး၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကြောင့် ရရှိလာသည့် အကျိုးစီးပွားများနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝအရင်းအမြစ်များကို တိုင်းရင်းသားများ အပြည့်အဝရယူခံစားနိုင်ရေး၊ နေရပ်စွန့်ခွာပြီး အလုပ်အကိုင်ရှာဖွေရင်း ရခိုင်ပြည်နယ်ပြင်ပကိုရောက်ရှိနေကြတဲ့ ရခိုင်တိုင်းရင်းသားများ နေရပ်ပြန်လည်ရောက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး ကြိုးပမ်းရန်တို့အပြင် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများရဲ့ အခွင့်အရေးရပိုင်ခွင့်များ ကာကွယ်စောင့်ရှောက်ရန်စသဖြင့် လုပ်ငန်းစဉ်များကို ချမှတ်ထားရှိပါတယ်။

လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူများရှင်-

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့်ရွေးကောက်ပွဲဟာ ကြားဖြတ်ရွေးကောက်ပွဲဖြစ်သော်ငြားလည်း ကျွန်မတို့ ရခိုင်ပြည်သူပြည်သားများအတွက် အရေးပါတဲ့ခြေလှမ်းအဖြစ် ကျော်ဖြတ်ကြရမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ အခုကြားဖြတ်ရွေးကောက်ပွဲကျင်းပမယ့် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂)နေရာဟာ ယခင်က ရခိုင်အမျိုးသားပါတီရဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးဦးဖိုးမင်း (ရခိုင်ပြည်နယ်လွှတ်တော် ဒု- ဥက္ကဋ္ဌ) ကွယ်လွန်သွားတဲ့အတွက် လစ်လပ်ပေါ်ပေါက်လာတဲ့ နေရာဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲရလဒ်တွေအရ ရခိုင်ပြည်နယ်လွှတ်တော်မှာ ကျွန်မတို့ ရခိုင်အမျိုးသားပါတီက လွှတ်တော်ကိုယ်စားလှယ်နေရာအများဆုံး အနိုင်ရရှိခဲ့ပေမယ့် လက်ရှိတည်ဆဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခက်အခဲများကြောင့် ရခိုင်ပြည်နယ်အစိုးရကို ဖွဲ့စည်းခွင့်မရရှိခဲ့သော်လည်း ရခိုင်ပြည်နယ်လွှတ်တော်ကို ထိန်းချုပ်ထားနိုင်တဲ့ အနေအထားနဲ့ ရှေ့ဆက်ပြီးတော့ချီတက်ခဲ့ကြပါတယ်။

ရခိုင်အမျိုးသားပါတီက လွှတ်တော်ကိုယ်စားလှယ်များဟာ ရခိုင်အမျိုးသားအကျိုးစီးပွားအတွက် ရခိုင်ပြည်နယ်လွှတ်တော်မှာ အဆိုများတင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဥပဒေပြုခြင်းစသည်တို့ကို ဆောင်ရွက်ကြပြီးတော့ ရခိုင်ပြည်နယ်အစိုးရရဲ့ လုပ်ငန်းစဉ်များကိုလည်း စောင့်ကြည့်ထိန်းကျောင်းခြင်းများကိုလည်း အစဉ်တစိုက် လုပ်ဆောင်ရင်း ရခိုင်အမျိုးသားပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်များကို ဆောင်ရွက်နေကြပါတယ်။

ထင်ရှားတဲ့ သာဓကအနေနဲ့ ဖော်ပြရမယ်ဆိုရင် မစ္စတာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်အရေး စုံစမ်းစစ်ဆေးရေး ကော်မရှင်ကိစ္စနဲ့ပတ်သက်လို့ ကန့်ကွက်မှုအတွက် ပြည်ထောင်စုလွှတ်တော်နှစ်ရပ်မှာ မအောင်မြင်ခဲ့ပေမယ့် ရခိုင်ပြည်နယ်လွှတ်တော်မှာ အဆိုတင်သွင်းအောင်မြင်ခဲ့တဲ့ကိစ္စကို မဲဆန္ဒရှင်ပြည်သူများအနေနဲ့ သိရှိကြပြီးဖြစ်ပါတယ်။

ဒါကြောင့် အခု ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော်အမှတ်(၂) မဲဆန္ဒနယ်ဟာ ရခိုင်ပြည်နယ်လွှတ်တော်မှာ ရခိုင်အမျိုးသားပါတီအင်အား ပိုမိုတောင့်တင်းရေးအတွက် အရေးပါတဲ့ နေရာဖြစ်လို့ အနိုင်ရရှိဖို့ အရေးကြီးပါတယ်။

ခေတ်အဆက်ဆက်မှာ ရခိုင်လူမျိုးတွေဟာ မိမိတို့ရဲ့ဆုံးရှုံးနေတဲ့ အမျိုးသားအခွင့်အာဏာတွေကို ရရှိလာစေဖို့အတွက် နည်းမျိုးစုံနဲ့ သက်စွန့်ဆံဖျား ကြိုးစားခဲ့ကြသလို ကျွန်မတို့ ရခိုင်အမျိုးသားပါတီအနေနဲ့လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဥပဒေဘောင်ထဲက အစွမ်းကုန်ကြိုးပမ်းအားထုတ် ဆောင်ရွက်နေကြဆဲ ဖြစ်ပါတယ်။

အခု ဒီကြားဖြတ်ရွေးကောက်ပွဲအတွင်း ဝင်ရောက်ယှဉ်ပြိုင်မှုဟာလည်း ရခိုင်အမျိုးသားရေးကြိုးပမ်းအားထုတ်မှုတွေထဲက တစ်ရပ်ကို ပီပြင်စွာ ဝင်ရောက်ထမ်းဆောင်ခြင်းဖြစ်ပါတယ်။ ရခိုင်အမျိုးသားပါတီဟာ ယခုလာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)နေရာကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နေရာမှာ ရခိုင်အမျိုးသားပါတီကိုယ်စား ရခိုင်အမျိုးသားပါတီ ဗဟိုကော်မတီဝင် ရသေ့တောင်မြို့နယ် ပါတီအတွင်းရေးမှူး ရသေ့တောင်မြို့ ဒေသခံ ဦးမောင်လှမြင့်က ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ရခိုင်အမျိုးသားပါတီဟာ ရခိုင်ပြည်သူများ ဘေးဥပဒ်အန္တရာယ် ဒုက္ခအကျပ်အတည်းတွေကြုံတိုင်း မိမိပါတီဝင်များနှင့်လည်းကောင်း၊ ရခိုင့်အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြတဲ့ အခြားအဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ အတူတကွ ရှေ့တန်းက မားမားမတ်မတ် ကူညီဆောင်ရွက်ရင်း ပြည်သူနဲ့တစ်သားတည်း အစဉ်ကြိုးပမ်းဆောင်ရွက်နေတဲ့ ပါတီဖြစ်ကြောင်း ပြည်သူများအသိပင် ဖြစ်ပါတယ်။

ပြည်ထောင်စုသားချင်းများ ဖြစ်ကြတဲ့ လက်ပံတောင်းတောင် အရေးကိစ္စကြောင့် ဒုက္ခရောက်သူများကိုလည်း ကျွန်မတို့ ပါတီက သွားရောက်ကူညီမှုများ ပြုလုပ်ခဲ့ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲမှာ ရခိုင်ပြည်သူတစ်ရပ်လုံးဟာ ရခိုင်ကိုယ်စားပြုပါတီဖြစ်တဲ့ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP) နဲ့အတူ ရပ်တည်ခဲ့ကြတဲ့အတွက် RNDP ဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ တတိယအများဆုံး အနိုင်ရပါတီအဖြစ် မော်ကွန်းစိုက်ထူနိုင်ခဲ့သလို ၂၀၁၅ ရွေးကောက်ပွဲမှာလည်း ရခိုင်အမျိုးသားပါတီဟာ စုစုပေါင်း ၇၇ နေရာ ယှဉ်ပြိုင်ခဲ့တဲ့အနက် ၄၅ နေရာ အနိုင်ရပြီးတော့ တတိယအများဆုံး အနိုင်ရတဲ့ပါတီအဖြစ် ထပ်မံရပ်တည်လာခဲ့ပါတယ်။ ဒီလို သမိုင်းမှတ်တိုင် စိုက်ထူနိုင်မှုကြောင့် ရခိုင်တိုင်းရင်းသားအားလုံး "အမျိုးသားရေးစိတ်ဓာတ်" ကို မြန်မာနိုင်ငံအစိုးရနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ၊ နိုင်ငံတကာအစိုးရနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကပင် အသိအမှတ်ပြုခဲ့ကြရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်မယ့် ရသေ့တောင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)နေရာမှာ ရခိုင်အမျိုးသားပါတီ (ANP) အပြတ်အသတ်အောင်ပွဲရရှိစေဖို့ဟာ ရခိုင်ပြည်သူတွေရဲ့ သမိုင်းပေးတာဝန်ဖြစ်တယ်လို့ အလေးအနက်ယုံကြည်ပါတယ်။

လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူများရှင်-

ကျွန်မတို့ ရခိုင်အမျိုးသားပါတီရဲ့ရည်မှန်းချက်(၃)ရပ်ထဲမှာ နံပါတ်(၁) ရည်မှန်းချက်ဖြစ်ပြီး အရေးအကြီးဆုံးလည်းဖြစ်တဲ့ "စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး" ဆိုတဲ့ ရည်မှန်းချက်ကို အတိမ်းအစောင်း အလျှော့မပေးစတမ်း ဆက်လက်လျှောက်လှမ်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအကြိမ် အစည်းအဝေးမှာ ကျွန်မတို့ပါတီက ခိုင်ခိုင်မာမာ ဆုပ်ကိုင်ရပ်တည်ထားတဲ့ ကျွန်မတို့လိုလားတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဘယ်လိုဖက်ဒရယ်ပြည်ထောင်စုမျိုးလဲဆိုတာကို စာတမ်းဖတ်ကြားတင်သွင်းခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများရှင်-

ကျွန်မတို့ မြန်မာနိုင်ငံမှာ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးစော်ကားပြီး ဖိအားပေးတဲ့ လုပ်ရပ်တွေ၊ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လိုတဲ့ လုပ်ရပ်တွေကို ဒီနှစ်ပိုင်းတွေအတွင်းမှာ တွေ့ကြုံနေရတာတွေကို အမျိုးသားရေးခံယူချက်၊ ရပ်တည်ချက်၊ အမျိုးသားရေးသတိတွေနဲ့ ကာကွယ်ရပ်တည်သွားကြဖို့ ပြည်သူတစ်ရပ်လုံးမှာ တာဝန်ရှိပါတယ်။ ရခိုင်ပြည်မြောက်ပိုင်းဒေသတွင် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်လုပ်ရပ်များသည် ရခိုင်ပြည်သူများ၏ ဘဝလုံခြုံရေးကို ထိပါးလျက်ရှိပြီးတော့ ရခိုင်အမျိုးသားပါတီအနေဖြင့် ပြည်သူတစ်ရပ်လုံနှင့်အတူ လက်တွဲရင်ဆိုင်ဖြေရှင်းသွားမှာဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ ပါတီခေါင်းဆောင်များ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆောင်ရွက်ချက်များကိုလည်း ပြည်သူများအနေနဲ့ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာဂျာနယ်များနှင့် အခြားမီဒီယာများတွင်လည်း တွေ့မြင်နေကြရမှာ ဖြစ်ပါတယ်။

ခေတ်မီတိုးတက်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အောင်မြင်စွာ ရပ်တည်နိုင်ရေးအတွက် အနာဂတ်အင်အားအဖြစ် လူငယ်မျိုးဆက်သစ်များကို စနစ်တကျ ပြုစုပျိုးထောင်ပြီး လက်ဆင့်ကမ်း လွှဲပြောင်းပေးနိုင်ဖို့ ကိစ္စရပ်ဟာလည်း အထူးအရေးကြီးပါတယ်။

ကျွန်မတို့ ရခိုင်အမျိုးသားပါတီဟာ လွန်ခဲ့တဲ့ ဩဂုတ်လအတွင်းက လူငယ်တွေ့ဆုံပွဲတစ်ရပ် ကျင်းပပြုလုပ်ပြီးတော့ ရခိုင်အမျိုးသားနိုင်ငံရေးမှာ လူငယ်မျိုးဆက်သစ် အင်အားစုတစ်ရပ် စနစ်တကျ ပေါ်ထွန်းလာစေဖို့၊ အရည်အချင်းပြည့်ဝတဲ့ လူငယ် နိုင်ငံရေးအင်အားစုတစ်ရပ်ဟာ ရခိုင့်နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေး ဇာတ်ခုံအသီးသီးမှာ ကမ္ဘာ့နိုင်ငံရေး ရေချိန်ကို မျက်ခြည်မပြတ်ဘဲ အောင်မြင်စွာ တည်ဆောက်ဖြတ်သန်းနိုင်ကြဖို့ ရခိုင်အမျိုးသားပါတီရဲ့ မူဝါဒရည်ရွယ်ချက် လုပ်ငန်းစဉ်ပါအတိုင်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ လူငယ်မျိုးဆက်သစ် နိုင်ငံရေးအင်အားစုတည်ဆောက်ရေးကိစ္စရပ်ဟာ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမယ့် လုပ်ရပ်ဖြစ်တယ်လို့လည်း ကျွန်မတို့ရခိုင်အမျိုးသားပါတီက ခံယူထားပါတယ်။

ဒါကြောင့် ကျွန်မတို့ ရခိုင်အမျိုးသားပါတီကို မဲထည့်ခြင်းဖြင့် ရွေးချယ်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

မဲဆန္ဒရှင်ပြည်သူအားလုံး အန္တရာယ်ခပ်သိမ်းပပျောက်ငြိမ်းကြပါစေ၊ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အမြန်ဆုံး ပေါ်ထွန်းလာပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

မြန်မာအမျိုးသားလေကြောင်းလိုင်း နှစ် ၇၀ ပြည့် အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာအမျိုးသားလေကြောင်းလိုင်း နှစ် ၇၀ ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက ကျေးဇူးတင်စကားပြောကြားပြီး လေကြောင်းလိုင်းဝန်ထမ်းများ၏ နေ့စဉ် ဆောင်ရွက်မှုမှတ်တမ်း ဗီဒီယိုအား ပြသခဲ့သည်။

မြန်မာ့လေကြောင်းသည် လက်ရှိအချိန်တွင် ပြည်တွင်း လေဆိပ်ပေါင်း ၂၈ ခုကို ပြေးဆွဲလျက်ရှိပြီး စင်ကာပူ၊ ဗန်ကောက်၊ ဟောင်ကောင်၊ ချင်းမိုင်၊ ဗုဒ္ဓဂယာမြို့များသို့ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ ထို့ပြင် တရုတ်နိုင်ငံ ချန်ဒူး၊ ဂူဟမ်းမြို့များသို့ ယခုနှစ်အတွင်း ပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် တစ်ခုတည်းသော နိုင်ငံတော်ပိုင် လေကြောင်းလိုင်းဖြစ်ပြီး နိုင်ငံတော်ပိုင် ပုံသေအရင်းအနှီးများမတည်လျက် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်ဘတ်ဂျက် ပြင်ပစီးပွားရေးလုပ်ငန်းအဖြစ် ကော်ပိုရေးရှင်းအသွင်သို့ ကူးပြောင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လေကြောင်းအဆင့်မြှင့်တင်ရေးလုပ်ငန်းစဉ်များကြောင့် တစ်နှစ်ထက်တစ်နှစ် ခရီးသည်တိုးမြှင့်သယ်ဆောင်လာနိုင်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ငါးသိန်း၊ ၂၀၁၆ ခုနှစ်တွင် တစ်သန်း၊ ၂၀၁၇ ခုနှစ်တွင် တစ်သန်းခွဲ ရရှိခဲ့ပြီး ယခုနှစ်တွင် နှစ်သန်းခန့်ရရှိမည်ဟု ခန့်မှန်းထားသည်။ ထို့ပြင် နိုင်ငံတကာလေကြောင်းလိုင်းများဖြစ်သော ဂျပန်လေကြောင်း၊ ကာတာလေကြောင်း၊ ဂျရူဒါလေကြောင်းတို့နှင့် ခရီးစဉ်ချိတ်ဆက်ပျံသန်းမှုသဘော တူညီချက်ရယူခဲ့ပြီး အမ်းမရိတ်၊ ထိုင်းလေကြောင်း၊ ဗီယက်နမ်လေကြောင်းများနှင့် ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းကို ၁၉၄၈ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် "မြန်မာနိုင်ငံလေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့" (ယူဘီအေ) ဟူသောအမည်ဖြင့် စတင်တည်ထောင်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၇၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေကြောင်းလိုင်း၏ အမည်ကို လေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း (ဘီအေစီ)၊ မြန်မာ့လေကြောင်း(အမ်အေ)၊ မြန်မာအမျိုးသားလေကြောင်း (အမ်အဲန်အေ) စသည်ဖြင့် အချိန်ကာလအားလျော်စွာ ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဘိုးရင်း ၇၃၇-၈၀၀၊ အမ်ဘရေရာ-၁၉၀ စသော ဂျက်လေယာဉ်ကြီးများအပြင် အေတီအာရ်လေယာဉ်များ၊ စက်စနာကာရာဗင်လေယာဉ်များကို အသုံးပြုလျက်ရှိသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

မြန်မာအမျိုးသားလေကြောင်းလိုင်း နှစ် ၇၀ ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။ **ဓာတ်ပုံ-အာကာစိုး**

ရွှေကျင်၌ ရေပြန်လည်ကျဆင်း၍ ကျောင်းများအားလုံးဖွင့်

ရွှေကျင် စက်တင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ဒုတိယအကြိမ် စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် ပညာသင်ကြားရေးအတွက် သွားလာရာတွင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ အန္တရာယ်ရှိနိုင်သဖြင့် ဩဂုတ် ၁၅ ရက်ကစတင်ပြီး စက်တင်ဘာ ၆ ရက်အထိ ထက်၊ လယ်၊ မူအခြေခံစာသင်ကျောင်းပေါင်း ၂၈ ကျောင်းကို ယာယီပိတ်ထားခဲ့ရသည်။

ယခုအခါ အဆိုပါမြို့နယ်အတွင်း ရေပြန်လည်ကျသွားပြီဖြစ်၍ စက်တင်ဘာ ၁၀ ရက်အထိ ကျောင်း ၁၆ ကျောင်း၊ စက်တင်ဘာ ၁၄ ရက်အထိ ကျောင်း ၁၂ ကျောင်းကို ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီး အစားထိုးဖြည့်စွက် အချိန်ပိုသင်ကြားပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။ **ပိန်းဇလုပ်-သိန်းညွှန့်**

နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၅

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၄)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက် ၉ နာရီတွင် မူခင်းရဲတပ်ဖွဲ့မှူခင်းရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင် အမျိုးသား အမျိုးသမီး ၃၂ ဦးတို့က နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ ရှိ သွေးလှူဘဏ်ဌာနသို့ သွားရောက်ပြီး လေးကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

စုပေါင်းသွေးလှူဒါန်းပွဲသို့ လက်နက်ခဲယမ်းနှင့် ပေါက်ကွဲမှုစစ်ဆေးရေးဌာနမှူး ယာယီရဲမှူးကြီး တင်ဦးနှင့် အရာရှိကြီးများက ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အာဟာရဖြည့် စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တောင်ငူမြို့ ရထားရဲတပ်ဖွဲ့ အမှတ်(၁၀)တပ်ခွဲတောင်ငူမှ တပ်ခွဲမှူး ဒုတိယရဲမှူးကျော်နု ဦးဆောင်၍ တပ်ဖွဲ့ဝင်အင်အား ၁၅ ဦးတို့ (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက်က တောင်ငူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသည့်သွေးများကို စုပေါင်းလှူဒါန်းကြစဉ်။ ၀၄၈

ကမ္ဘာ့ဖလားခရစ်ကက် လက်ရည်စစ်ပြိုင်ပွဲတွင် မြန်မာခရစ်ကက်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၁၅

ကမ္ဘာ့ဖလားခရစ်ကက် လက်ရည်စစ်ပြိုင်ပွဲတွင် မြန်မာခရစ်ကက်အသင်း ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် အောက်တိုဘာ ၁ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် ICC WORLD TWENTY 20 ASIA QUALIFIER ' B' TOURNAMENT SCHEDULE ပြိုင်ပွဲအတွက် မြန်မာခရစ်ကက် အားကစားသမား ၁၄ ဦး အပြီးသတ်ရွေးချယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာခရစ်ကက်ကစားသမားများ လေ့ကျင့်စဉ်။

"ကျွန်မတို့ အာရှပြိုင်ပွဲတွေနဲ့ (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွေမှာ ကမ္ဘာ့အဆင့်မီလို့ အပြည်ပြည်ဆိုင်ရာ ခရစ်ကက်ကောင်စီက မြန်မာကစားသမားတွေရဲ့ လက်ရည်ကို ကြည့်ပြီး ကမ္ဘာ့အဆင့်ပြိုင်ပွဲအတွက် ရွေးချယ်ခံရတာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ ကစားသမားတွေကို စုစည်းပြီး ပြင်ဦးလွင်နဲ့ ရန်ကုန်မြို့ အောင်ဆန်းကွင်းမှာ ဇွန်လနဲ့ ဩဂုတ်လမှာ ကစားသမား ၂၄ ဦးကို စခန်းသွင်းလေ့ကျင့်ခဲ့ပြီး လက်ရွေးစင်ကစားသမား ၁၄ ဦးကို အပြီးသတ်ရွေးချယ်ခဲ့ပါတယ်" ဟု မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်မှ အုပ်ချုပ်သူ ဒေါ်ခင်တိုးတိုးစိန်က ပြောသည်။

ယင်းပြိုင်ပွဲအတွက် အောင်မြင်မှုများ ရရှိရန် အားကစားသမားများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နည်းပြ Mr.Bappy ဖြင့် အောင်ဆန်းကွင်းတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး ပြိုင်ပွဲ၌ အိမ်ရှင် မလေးရှား၊ ဘူတန်၊ တရုတ်၊ ထိုင်းနိုင်ငံတို့ကို အဓိကထား ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာ၊ မလေးရှား၊ ဘူတန်၊ ထိုင်း၊ တရုတ်၊ နီပေါ၊ စင်ကာပူနိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာခရစ်ကက်အသင်းသည် ယခုပြိုင်ပွဲတွင် လက်ရည်စစ်ပွဲအောင်လျှင် 'A' အဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်သည် ၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ACC U-17 Challenge Cup ပြိုင်ပွဲ ဆု၊ ၂၀၀၉ ခုနှစ် ACC U-19 Challenge Cup ပြိုင်ပွဲဆု၊ ၂၀၁၀ ခုနှစ်တွင် ACC Trophy ပြိုင်ပွဲဆုများ ရရှိထားကြောင်းသိရသည်။

အေကေလင်း၊ ဓာတ်ပုံ-ဗလစိုး

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁)နောက်ကျဂိုးဖြင့် GFA အသင်းအနိုင်ရ

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ GFA အသင်းနှင့် ဇွဲကပင်အသင်း အနိုင်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် GFA အသင်းက မကွေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ GFA အသင်းသည် ယခုပွဲအနိုင်ရသောကြောင့် တန်းဆင်းဇုန်မှလွတ်ရန် မျှော်လင့်ချက်ပြန်ရှိလာပြီး စက်တင်ဘာ ၁၆ ရက်တွင် ကစား မည့် စစ်ကိုင်းပွဲကို စောင့်ကြည့်ခွင့်ရခဲ့သည်။ မကွေးအသင်းသည် ဒုတိယအကျော့တွင် ငါးပွဲမြောက် ရှုံးပွဲကြုံတွေ့ခဲ့သည်။

နှစ်သင်းစလုံး လူစုံအသုံးပြုခဲ့ပြီး GFA အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားပြီး ၃ မိနစ်တွင် အီမန်နျူရယ်က အဖွင့်ဂိုးစတင်သွင်းခဲ့သည်။ ၁၄ မိနစ်တွင် တိုက်စစ်မှူး အောင်မြင့်ထွန်းက ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြှင့်လာပြီး ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများလည်း အပြန်အလှန်ရခဲ့သည်။ ပွဲပြီးခါနီးတွင် GFA အသင်း၏ လူစားလဲမှု မှန်ကန်ခဲ့ပြီး နာကျင်အချိန်ပိုတွင် လူစားဝင်ကစားသည့် ထောင်လျပ်ထန်သည် လူစားဝင်ပြီး တစ်မိနစ်မပြည့်မီမှာပင် အနိုင်ဂိုးသွင်းယူခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက ရောဝတီအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇွဲကပင်အသင်းသည် အဝေးကွင်းတွင် ဒုတိယပိုင်း သွင်းဂိုးများဖြင့် အနိုင်ရပြီး ရောဝတီအသင်းမှာမူ အိမ်ကွင်း၌ ကစားရသော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိသောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ဇွဲကပင်အသင်းအတွက် အနိုင်ဂိုးများကို ၅၅ မိနစ်တွင် ရန်ကျော်ထွေး၊ မိနစ် ၆၀ တွင် ကင်မ်၊ ၆၂ မိနစ်တွင် စိုင်းမင်းထွန်း၊ မိနစ် ၉၀ တွင် စစ်မုန်းတို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၂၁) နောက်ဆုံးနေ့ကို စက်တင်ဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပခဲ့ပြီး မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။

ညီမြတ်သော်တာ

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ကစားသမား ၂၂ ဦးဖြင့် ဖွဲ့စည်း

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ကစားသမား ၂၂ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာအမျိုးသားဖူဆယ်အသင်းတွင် အုပ်ချုပ်သူ - ဦးကြည်မင်းသိန်း၊ နည်းပြချုပ်- ဦးဌေးမြင့်၊ လက်ထောက်နည်းပြ - ဦးကျော်ဇင်ညွန့်၊ ဂိုးနည်းပြ - ဦးထွန်းထွန်းလတ်၊ ဂိုးသမား - ဇွဲပြည့်စုံ (GV Athletic)၊ ကျော်ထက်အောင်၊ ရန်ပိုင်ဟိန်း(MIC)၊ ဇော်မျိုးထိုက်(VUC) ၊ ကစားသမား - ကျော်စိုးမိုး၊ နိုင်ရဲကျော်၊ ပြည့်ဖြိုးမောင်-၂၊ ခင်ဇော်လင်း၊ ပြည့်ဖြိုးမောင်-၃၊ လှိုင်မင်းထွန်း၊ ကိုကိုလွင် (MIC)၊ သန့်ဇင်၊ ကောင်းချစ်သူ (GV Athletic)။ မျိုးမြင့်စိုး၊ စိုင်းပြုံးအောင်၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်းကျော်၊ ဝေဇင်ဦး (VUC)၊ မင်းဟိန်းထက် (PU) ၊ ရဲရင့်ဦး(မြို့မ)နှင့် ပုည (Comrade) တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် စက်တင်ဘာ ၁၇ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး အောင်မြင်မှုရရန် ပြင်ဆင်မှုများစွာ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ပြိုင်ပွဲမတိုင်မီ တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားပြီး တရုတ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲ ငါးပွဲအထက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယားတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ **ရဲရင့်ရှိုင်း**

ပေါင်းတည်၊ လားရှိုး၊ တောင်ကြီး၊ တာချီလိတ်မြို့နယ်များ၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီက ပေါင်းတည်မြို့နယ် ကိုယ်ဝန်ဆောင်ကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာနေ ဝင်းအောင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၇၃ ပြားနှင့် ငွေကျပ် ၅၀၃၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ သဲကုန်းမြို့နယ် ဝက်ပုတ်မြို့ ရွှေတမာကွက်သစ်ရှိ ကိုမင်းမင်းနှင့် မခင်ခင်လေး(ခ) မခင်လေးတို့ကို နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားသည်။

ယင်းနေ့ နံနက် ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုး-မိုင်းယော်သွားကားလမ်း နားဖကျေးရွာအဝင်၌ စိုင်းအောင်လ မောင်းနှင်ပြီး မလွမ်းနော လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ မလွမ်းနောထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၊ ဖုန်းနှင့် ငွေကျပ် ၂၇၇၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ လားရှိုးမြို့ အမှတ်(၇)ရပ်ကွက်ရှိ မသီတာဦးကို ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။ **(ယာပုံ)**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက်က တောင်ကြီးမြို့နယ် ရွှေညောင်မြို့သံတဲကျေးရွာအုပ်စုနေ စိုင်းပီး၏ နေအိမ်ကို ရှာဖွေရာ ခြံဝင်းအတွင်းရှိ ဂိုဒေါင်အနောက်၌ မြေကျင်းတူးမြှုပ်ထားသည့် ပလတ်စတစ်ပုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၂၀၀ နှင့် ငွေကျပ် ၅၀၀၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၈ နာရီခွဲတွင် တပ်မတော်မှ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ကျထီးနားကျေးရွာအနီးတွင် ဆိုင်ကယ်နှစ်စီးနှင့်အတူ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် အမျိုးသားသုံးဦးကို ခေတ္တထိန်းသိမ်းထားကြောင်း ဖုန်းဖြင့် အကြောင်းကြားလာ၍ မူးယစ်တပ်ဖွဲ့စု(၃၀)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ခဲ့ပြီး ကျရှိုး၊ ကျပို(ခ)ရှန်ငင်းနှင့် ကျတောတို့ သုံးဦးကို ဆိုင်ကယ်နှစ်စီးနှင့်အတူ တွေ့ရှိရပြီး ကျရှိုးနှင့် ကျပို(ခ) ရှန်ငင်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ ဘိန်းစိမ်း ၁ ဒသမ ၃၀၆၄ ကီလို၊ ဘိန်းဖြူ သုည ဒသမ ၁ ဂရမ်နှင့် တူမီးသေနတ်တစ်လက်တို့ကို လည်းကောင်း၊ ကျတောထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၁၆. ၉. ၂၀၁၈(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - တရုတ်ကာတွန်း "တောပျော်မျောက်ကလေး ကျွမ့်ကျွမ့်" (အပိုင်း- ၆)
- ၁၀း၀၀ - Sunday Talk
- ၁၁း၀၅ - ကဗျာရိပ်မြုံ "အရုပ်ဈေး"
- ၁၂း၃၀ - This Week's Special Interest
- ၁၂း၅၀ - မြန်မာဂန္ထဝင်ရုပ်ရှင် "လိုရာဆန္ဒပြည့်ပါစေ" အောင်အောင်၊မေဝင်းမောင် (ဒါရိုက်တာ- သက်မောင်မောင်)

ညပိုင်း

- ၁၅း၄၅ - Myanmar National League 2018 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Southern Myanmar FC Vs Sagaing United FC)
- ၁၈း၄၅ - "ကျန်းမာရေးအတွက် ဗဟုသုတများစွာ လေ့လာရှာဖွေမှတ်သားပါ"
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း- ၂၃)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်** "ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ"
- In & Out "China ခရီးစဉ်"(အပိုင်း- ၃) (လေးဖြူနှင့်အဖွဲ့)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း- ၂၁)
- ပြည်သူ့နီတိ "မိုးခါးရေ" ဇော်ဦး၊ ဒေါ်အေးမြင့်၊ ရတနာခိုင် (ဒါရိုက်တာ- မိုးဇော်ကို)

ရဲတပ်သားအား ရိုက်နှက်ပြီး ဆိုင်ကယ်လုယူမှု မန္တလေး၌ ဖြစ်ပွား

အမရပူရ စက်တင်ဘာ ၁၅

မန္တလေးခရိုင် အမရပူရမြို့နယ် စစ်ကိုင်း-မြစ်ငယ်ကားလမ်း ဆင်ရွာ (မြင်းမှူး)ရွာနှင့် သူငယ်တော်ရွာ အကြားတွင် စက်တင်ဘာ ၁၄ ရက် နံနက် ၂ နာရီကျော်ခန့်က ရဲတပ်သားတစ်ဦးကို ရိုက်နှက်၍ ဆိုင်ကယ်လုယူမှု ဖြစ်ပွားခဲ့ကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

စစ်ကိုင်းမြို့မရဲစခန်းမှ ရဲတပ်သား အေးကျော်သည် မန္တလေး ကျွဲဆည်ကန်ကားကြီးဝင်းသို့ သူငယ်ချင်းဖြစ်သူကို သွားကြိုရာ မတွေ့ရသည့်အတွက် စစ်ကိုင်းသို့တစ်ယောက်တည်းပြန်လာစဉ် ဆိုင်ကယ်နှစ်စီးဖြင့် လူလေးဦးက ခေါင်းကို တုတ်ဖြင့်ရိုက်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ အရိုက်ခံရသည့်အတွက် ရဲတပ်သား အေးကျော်မှာ နေရာတွင် လဲကျသွားခဲ့ပြီး ဝဲဘက်နံစောင်းသို့ ချွန်ထက်သည့်အရာဖြင့် ထိုးသွင်းခံခဲ့ရကာ ဆိုင်ကယ် လုယူခြင်းခံရကြောင်း သိရသည်။

ရဲတပ်သားမှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာ နှစ်ချက်နှင့် ဝဲဘက်နံစောင်း ထိုးသွင်းဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့သောကြောင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို မြစ်ငယ်ရဲစခန်းက အမှုဖွင့်ထားပြီး အမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်စံမောင်

ဘူးသီးတောင်မြို့နယ်၌ ဆင်သေတစ်ကောင် တွေ့ရှိ

ဘူးသီးတောင် စက်တင်ဘာ ၁၅

ဘူးသီးတောင်မြို့ တပ်မင်းချောင်းကျေးရွာအုပ်စု ကြိမ်ချောင်း (တိုင်းရင်းသားကျေးရွာ) အနောက်ဘက်အနီးတွင် စက်တင်ဘာ ၁၅ ရက် နံနက် ၆ နာရီခွဲက ဆင်သေ(ပုပ်ပွ) တစ်ကောင်ကို ရွာသားများ၏ တွေ့ရှိကြောင်းသတင်းအရ မြို့နယ်သစ်တောဦးစီးမှူး အပါအဝင် အဖွဲ့ဝင်ငါးဦးနှင့် မြို့နယ်မွေး/ကုဦးစီးမှူးတို့သည် ယင်းနေ့ နံနက် ၉ နာရီ ၄၅ မိနစ်၌ ဆင်သေကောင်ကို သွားရောက်ကြည့်ရှုတိုင်းတာခဲ့ရာ ဆင်သေကောင်မှာ ကျောအလျား ရှစ်ပေ၊ နှာမောင်း လေးပေ၊ အမြင့် ခြောက်ပေခွဲ၊ ကျောကုန်း အမျိုးအစား ငုက်ပျောကိုင်း၊ အရောင် အနက်ဖြစ်ပြီး ရောဂါတစ်ခုခုဖြင့် လွန်ခဲ့သော ၁၀ ရက် ခန့်က သေဆုံးခြင်းဖြစ်သည်ဟု ခန့်မှန်းရကြောင်းနှင့် အသက်မှာ ၁၅ နှစ်ခန့်ဖြစ်ကြောင်း သိရသည်။ ဆင်သေကောင်၏ ကျန်ရှိရုပ်ကြွင်းကို သစ်တောဌာနမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မိတ္ထီလာ-တောင်ကြီးလမ်းပိုင်း၌ ခရီးသည်တင်ယာဉ်ပေါ်မှ မူးယစ်ဆေးဝါး ငွေကျပ်သိန်း ၇၀၀ ကျော်ဖိုး ဖမ်းဆီးရမိ

သာစည် စက်တင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ မိတ္ထီလာ - တောင်ကြီးကားလမ်းပေါ်၌ စက်တင်ဘာ ၁၅ ရက် နံနက် ၂ နာရီ ၁၀ မိနစ်ခန့်တွင် ခရီးသည်တင်ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၇၀၀ ကျော်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိကြောင်း သိရသည်။

မန္တလေးမြို့အမှတ်(၁၈) မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ် လင်းထွန်းနှင့်အဖွဲ့၊ သာစည်မြို့မရဲစခန်းမှ ဒုရဲအုပ်ဝေဖြိုးအောင်နှင့်အဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ သာစည်မြို့အမှတ်(၂)တပ်ဖွဲ့စိတ်ရုံးမှ ဒုတိယရဲအုပ် မျိုးဝင်း ပါသော ပူးပေါင်းအဖွဲ့တို့သည် ယာဉ်များကို ရပ်တန့်ရှာဖွေစစ်ဆေးရာမှ လွိုင်ကော် - မန္တလေး သိန်းသန်းကုဋေ အဆင့်မြင့်ခရီးသည်တင်ယာဉ် KYH - 4D/---- ကို ရပ်တန့်စစ်ဆေးရာ ခုံအမှတ် ၃၁ တွင် လိုက်ပါစီးနင်းလာသော သပိတ်ကျင်းမြို့နယ် (၇)မိုင် အောင်ချမ်းသာအုပ်စု (၄)မိုင်ကံသာကျေးရွာနေ မောင်နိုင်(ခ)ရွှေနိုင် (၃၉ နှစ်)၏ ကျောပိုးအိတ်အတွင်းမှ ကြွပ်ကြွပ်အိတ်အတွင်း စုပေါင်းထည့်ထားသည့် ပလတ်စတစ်အိတ် တစ်အိတ်လျှင် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် အလေးချိန် ၁၀ ဂရမ်စီပါ အိတ် ၁၀၀ စုစုပေါင်း အလေးချိန် ၁၀၀၀ ဂရမ်ခန့် (ခန့်မှန်းကာလတန်ဖိုးငွေကျပ် သိန်း ၇၀၀ ခန့်)နှင့် ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသည့် ဘိန်းစိမ်းဟုယူဆရသော အမည်းရောင်အစေး အလေးချိန် ၁ ဒသမ ၂ ကီလိုဂရမ်ခန့် (ခန့်မှန်းကာလတန်ဖိုးငွေကျပ် ၁၈ သိန်းခန့်) ကို ဖမ်းဆီးရမိကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။

မူးယစ်ဆေးဝါးများနှင့်အတူ လက်ဝယ်တွေ့ရှိဖမ်းမိသူ မောင်နိုင်(ခ)ရွှေနိုင်ကို သာစည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဘိုဘို(မလှိုင်)

ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ခဲသတ္တုအမှုန့်အိတ်နှင့် ပိတောက်ခွဲသားများ ဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၁၅

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၆၉၀၊ သွင်းကုန် ၅၈၆ စီး၊ ရန်ကုန် - မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး၊ သွင်းကုန် အစီး ၂၁၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၉၆၈ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၅၈၀ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂ ဒသမ ၅၄၈ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ ခဲဟုယူဆရသော သတ္တုအမှုန့်အိတ် ၂၅ အိတ်၊ Mazda Titan နှင့် Hino Dutro တို့ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ပိတောက်ခွဲရွေး/ခွဲသား ၄ ဒသမ ၃၄၄၂ တန်နှင့် အဆိုပါပစ္စည်း သယ်ဆောင်သည့်ယာဉ်နှစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈ ဒသမ ၀၃၂ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဆေးပစ္စည်းများသယ်ဆောင်လာသော ကွန်တိန်နာ မီးလောင်

ရန်ကုန် စက်တင်ဘာ ၁၅

ဆေးပစ္စည်းများသယ်ဆောင်လာသော ကွန်တိန်နာယာဉ်တစ်စီး စက်တင်ဘာ ၁၄ ရက် ည ၁၀ နာရီခွဲခန့်က ကြည့်မြင်တိုင်မြို့နယ် ဟံသာဝတီလမ်း အရိုးကုဆေးရုံဂိတ်အမှတ်(၃) အနီး၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ကွန်တိန်နာယာဉ်မောင်း သက်ထွန်းဦး မောင်းနှင်လာသော 4D/--- ၂၂ ဘီး ကွန်တိန်နာယာဉ်သည် အလုံမြို့နယ် MIP ဝင်းအတွင်းမှ ဆေးပစ္စည်းများတင်ဆောင်ကာ ကမ်းနားလမ်းအတိုင်း မောင်းနှင်လာပြီး ဟံသာဝတီလမ်းမှ အရိုးကုဆေးရုံဝင်းအတွင်းဂိတ်အမှတ်(၃)သို့ ဝင်ရောက်စဉ် ဗို့အား ၄၀၀ရှိ လျှပ်စစ်ကြိုးနှင့် ကားခေါင်မိုးငြိကာ ကားခေါင်မိုးပေါက်ပြီး မီးပွားများ စက္ကူနှင့် ပလတ်စတစ်အစများပေါ်သို့ ကျရာမှ မီးစတင်လောင်ရခြင်းဖြစ်ကြောင်း ကြည့်မြင်တိုင်မီးသတ်တပ်ဖွဲ့မှ သိရသည်။

မီးလောင်ရာသို့ အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးဆောင်သော အုပ်ချုပ်ရေးယာဉ်တစ်စီးနှင့်အတူ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံမြို့နယ်တို့မှ မီးငြိမ်းသတ်ယာဉ်သုံးစီးဖြင့် သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ကျော်တို့က သွားရောက်ငြိမ်းသတ်ပေးမှုကြောင့် ည ၁၁ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ကွန်တိန်နာယာဉ်အတွင်း တင်ဆောင်လာသော ပစ္စည်း ငွေကျပ် ၂၀၀၀၀၀ ခန့် ဆုံးရှုံးမှုရှိကြောင်းနှင့် ယာဉ်မောင်း သက်ထွန်းဦး (၃၂ နှစ်)ကို ကြည့်မြင်တိုင်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

ကိုကြီးတင်

ဇန်းမောက်မြို့နယ်၌ မိုးကြိုးပစ်ရာမှ နွားခုနစ်ကောင် သေဆုံး

ဇန်းမောက် စက်တင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် စာခမ်းကျေးရွာအုပ်စု နောင်မလင်ကျေးရွာတွင် စက်တင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီက မိုးသည်းထန်စွာရွာသွန်းစဉ် လျှပ်စီးလက်၍ မိုးကြိုးပစ်ရာမှ လွတ်ကျောင်းထားသော နွားမလေးကောင်နှင့် နွားထီးသုံးကောင် သေဆုံးခဲ့ကြောင်းသိရသည်။

"အခုသေဆုံးခဲ့တဲ့ နွားတွေက ဦးပွဲမောင် - ဒေါ်ထွေးကျန်တို့ပိုင်တဲ့ နွားခုနစ်ကောင်ပါ။ ဦးပွဲမောင်ကိုယ်တိုင် နေ့စဉ်ကျောင်းပါတယ်။ ဒီနေ့ကတော့ ရွာထဲက အလုပ်အကိုင်ပေါ်လာလို့ သွားရောက်လုပ်ကိုင်နေတုန်း မွန်းတည့် ၁၂ နာရီလောက်မှာ လျှပ်စီးတွေလက်ပြီး မိုးသည်းထန်တာကြောင့် ဒီနွားတွေအားလုံး လယ်တဲအနီးက သစ်ပင်ကြီးအောက် မိုးဝင်ခိုနေတုန်း မိုးကြိုးပစ်ခံလိုက်ရတာပါ။ ဒါကြောင့် နွားမ လေးကောင်၊ နွားထီး သုံးကောင် စုစုပေါင်း ခုနစ်ကောင် သေဆုံးသွားခဲ့တာပါ" ဟု အဆိုပါကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

ကိုမင်း(အင်းတော်)

အပူပိုင်းမုန်တိုင်း မန်ခတ် ဖိလစ်ပိုင်သို့ဝင်ရောက်ခဲ့ပြီး ဟောင်ကောင်သို့ မကြာမီဝင်ရောက်မည်

မနီလာ စက်တင်ဘာ ၁၅

အပူပိုင်းမုန်တိုင်းမန်ခတ်သည် စက်တင်ဘာ ၁၅ ရက်နံနက်ပိုင်းက လူဇုံကျွန်းကာကာရန်ပြည်နယ်မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ကြောင်း ဖိလစ်ပိုင်အာဏာပိုင်များက ပြောခဲ့သည်။

အပူပိုင်းမုန်တိုင်း မန်ခတ်သည် ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းကို ဝင်ရောက်တိုက်ခတ်စဉ် လူ ၁၄ ဦး သေဆုံးခဲ့ပြီး အပျက်အစီးများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

မုန်တိုင်းကြောင့် ရေကြီးခြင်းများ၊ အဆောက်အအုံပြိုကျခြင်းများ ဖြစ်ပွားနိုင်ခြေများသောကြောင့် လူပေါင်း ၄ ဒသမ ၂ သန်းအား ကြိုတင်ရှောင်ရှားမှုများ ပြုလုပ်ရန်အတွက် ဖိလစ်ပိုင်အာဏာပိုင်များက တိုက်တွန်းခဲ့သည်။

ဂျပန် မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူများက အင်အားပြင်းတိုင်ဖုန်းမုန်တိုင်း မန်ခတ်သည် အနောက်ဘက်သို့ တစ်နာရီလျှင် မိုင် ၃၀ နှုန်း ရွေ့လျားနေကြောင်း ပြောခဲ့သည်။

အဆိုပါမုန်တိုင်း၏ အလယ်လေထုဖိအားမှာ ၉၂၅ ဟက်တိုပါစကယ်ရှိကြောင်းနှင့် အလယ်ဗဟိုအနီးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၈၀ ခန့်ရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီမှ သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

တိုင်ဖုန်းမုန်တိုင်းသည် စက်တင်ဘာ ၁၆ ရက်တွင် ဟောင်ကောင်သို့ တိုက်ခတ်နိုင်ကြောင်းလည်း ခန့်မှန်းထားသည်။ မုန်တိုင်းကြောင့် ဟောင်ကောင်သည် ဖိလစ်ပိုင်ထက် ပို၍ဆိုးရွားစွာ ခံစားရနိုင်ကြောင်း သိရသည်။ မန်ခတ်သည် ၂၀၁၃ခုနှစ်က လူပေါင်း ၇၃၀၀ သေဆုံး သို့မဟုတ် ပျောက်ဆုံးအောင်တိုက်ခတ်ခဲ့သည့် အင်အားပြင်းတိုင်ဖုန်းမုန်တိုင်း ဟိုင်ယန်ကဲ့သို့ အင်အားပြင်းနိုင်ကြောင်း ဖိလစ်ပိုင်အစိုးရက သတိပေးထားသည်။

အလားတူထိုင်းနိုင်ငံတွင်လည်း တိုင်ဖုန်းမုန်တိုင်းနှစ်ခု ဝင်ရောက်နိုင်ပြီး ယင်းကြောင့် လာမည့်ရက်အနည်းငယ်အတွင်း မိုးကြီးခြင်းများနှင့် ရေဖုံးလွှမ်းခြင်းများဖြစ်နိုင်ကြောင်း မိုးလေဝသဌာနက မကြာသေးမီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

၂၀၁၃ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ Guiuan မြို့သို့ တိုင်ဖုန်းမုန်တိုင်း ဟိုင်ယန်ဝင်ရောက်တိုက်ခတ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။

ဝင်ရောက်တိုက်ခတ်နိုင်သည့် အပူပိုင်းမုန်တိုင်းနှစ်ခုမှာ ဘာရီဂျက်နှင့် မန်ခတ်တို့ဖြစ်ကြောင်းသိရပြီး မန်ခတ်က ပို၍အင်အားပြင်းနိုင်ကြောင်း သတိပေးထားသည်။

အဆိုပါ မုန်တိုင်းများကြောင့် ထိုင်းနိုင်ငံတစ်ဝန်း စက်တင်ဘာ ၁၈ ရက်အထိ မိုးရွာနိုင်ခြေ ၇၀ ရာခိုင်နှုန်းရှိကြောင်း ရန်ဆစ်တက္ကသိုလ် ရာသီဥတုပြောင်းလဲရေးနှင့် သဘာဝဘေးစင်တာ ညွှန်ကြားရေးမှူး ဆီရီ ဆူပရက်တစ်က ပြောခဲ့သည်။ ထို့အပြင် ရေကြီးခြင်းများနှင့် မြေပြိုခြင်းများလည်း ဖြစ်နိုင်ကြောင်း ပြည်သူများအား မိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ

တူရကီသမ္မတအား ကာတာစော်ဘွားက ဇိမ်ခံလေယာဉ်ကြီးတစ်စင်း လက်ဆောင်ပေး

အန်ကာရာ စက်တင်ဘာ ၁၅

တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်ကို ကမ္ဘာ့အကြီးဆုံးနှင့် တန်ဖိုးအကြီးဆုံး ပုဂ္ဂလိကပိုင် ဘိုးရင်း ၇၄၇- ၈ လေယာဉ်တစ်စင်းကို ကာတာနိုင်ငံက လက်ဆောင်ပေးခဲ့ကြောင်း ဒေသခံသတင်းတစ်ခုတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အဆိုပါ လေယာဉ်ကြီးသည် အမေရိကန်ဒေါ်လာ ၃၆၇ သန်းတန်ဖိုးရှိသော ဇိမ်ခံလေယာဉ်ဖြစ်ပြီး ပြင်သစ်နိုင်ငံမှ တူရကီနိုင်ငံအစ္စတန်ဘူလ်မြို့ ဆာဟီဘာဂေ့ါဆန်နိုင်ငံတကာ လေဆိပ်သို့ ရောက်ရှိလာခဲ့ကြောင်း ယီနီဆာဖက် နေ့စဉ်သတင်းတွင် ဖော်ပြခဲ့သည်။

အဆိုပါလေယာဉ်တွင် ကျယ်ပြန့်သော သီးသန့်အခန်းများ၊ ဧည့်ခန်းများ၊ ဘုတ်အဖွဲ့အစည်းအဝေးခန်းများ၊ ပထမတန်းစားထိုင်ခုံနေရာများနှင့် ကိုယ်ပိုင်ဆေးရုံပါဝင်သည့် ပုံစံရေးဆွဲထားကြောင်း သိရသည်။

ထို့အပြင် အဆိုပါလေယာဉ်အတွင်း ပန်နာဆိုးနစ်လေယာဉ်တွင်း ဖျော်ဖြေရေးစနစ်၊ ကင်မရာအပြည့်အစုံနှင့် လုံခြုံရေးစနစ်များ တပ်ဆင်ထားကြောင်း သိရသည်။

ဘိုးရင်း ၇၄၇-၈ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

အဆိုပါလေယာဉ်ကြီးတွင် ခရီးသည် ၇၆ ဦးနှင့် လေယာဉ်အမှုထမ်း ၁၈ ဦး စုစုပေါင်း ၉၄ ဦးလိုက်ပါလာနိုင်ကြောင်း သိရသည်။

အဆိုပါလေယာဉ်အား ကာတာနိုင်ငံစော်ဘွား ရှိတ်တာမင်ဘင်ဟာမက် အယ်လ်သာနီက လက်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘိုးရင်း ၇၄၇-၈ လေယာဉ်သည် ယခင်က ကာတာနိုင်ငံ၏ တော်ဝင်မိသားစုနှင့် အစိုးရအဆင့်မြင့်အရာရှိအတွက်သာ သီးသန့်ပြေးဆွဲပေးသည့် ပုဂ္ဂလိက ဗွီအိုင်ပီလေကြောင်းလိုင်း ဖြစ်သော ကာတာအာမီရီလေကြောင်းလိုင်းအတွက် ဝန်ဆောင်မှုပေးခဲ့သည်။

ဆင်ဟွာ

ထိုင်းအစိုးရ နိုင်ငံရေးပါတီများနှင့် ပတ်သက်သည့် တားမြစ်ချက်များကို ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့

ဗန်ကောက် စက်တင်ဘာ ၁၅

ထိုင်းနိုင်ငံ တပ်မတော်အစိုးရသည် နိုင်ငံရေးပါတီများနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များအပေါ် တားမြစ်ထားသည့် ကိစ္စနှင့်ပတ်သက်ပြီး တစ်စိတ်တစ်ပိုင်းလိုက်လျော ခဲ့ကြောင်း သိရသည်။

တားမြစ်ထားသည့် ကိစ္စရပ်များကို ဖြေလျှော့ပေးခဲ့ကြောင်း ထိုင်းအစိုးရက စက်တင်ဘာ ၁၄ ရက်တွင် ကြေညာခဲ့သည်။ အဆိုပါ တားမြစ်ထားသည့် ကိစ္စရပ်များသည် တပ်မတော်အာဏာသိမ်းမှုပြုလုပ်ခဲ့သည့် ၂၀၁၄ ခုနှစ်ကတည်းက ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထိုင်းအစိုးရက ထုတ်ပြန်ကြေညာပြီး နှစ်ရက်အကြာတွင် ယခုလို တားမြစ်ထားသည့် ကိစ္စရပ်များကို ဖြေလျှော့ပေးရန် ကြေညာခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့၏ခေါင်းဆောင်ကို ရွေးချယ်ရန်နှင့် အမတ်လောင်းများကို ရွေးချယ်ရန် အစည်းအဝေးကျင်းပခြင်းမပြုကြောင်း သိရသည်။

ဒီမိုကရေစီနည်းအရ ရွေးကောက်သည့်အစိုးရဖြစ်ပေါ်လာရေး ပြည်တွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၌ တောင်းဆိုမှုများ မြင့်တက်လာကြောင်းလည်း သိရသည်။

သို့သော်လည်း အစိုးရအနေဖြင့် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းထားသေးကြောင်း သိရသည်။ လူထုစုဝေးခြင်းများကိုမူ ဆက်လက်တားမြစ်ထားသေးကြောင်း သိရသော်လည်း နိုင်ငံရေးပါတီများအတွက်မူ ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ကို အင်အားချည့်နဲ့အောင်လုပ်ဆောင်သည်ဟုဆိုကာ ရုရှားကို အမေရိကန်အပြစ်ဆို

ဝါရှင်တန် စက်တင်ဘာ ၁၅

မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ကို အင်အားချည့်နဲ့အောင်လုပ်ဆောင်သည်ဟုဆိုကာ ရုရှားကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ဝေဖန်ခဲ့ကြောင်း နိုင်ငံတကာသတင်းများအရ သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အာဏာ သက်ရောက်မှုရှိမှသာ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား အပြီးအပိုင်စွန့်လွှတ်ဖျက်သိမ်းရေး ဆုံးခန်းတိုင်ရောက်ရှိမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရုရှားက မည်ကဲ့သို့သော အရေးယူပိတ်ဆို့ခြင်းများကို အကောင်အထည်ဖော်မလဲဆိုသည့် အစီရင်ခံစာကို တားဆီးပိတ်ဆို့မှုပြုလိုက်ပြီးနောက် ယခုကဲ့သို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး၏ မှတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အဆိုပါအစီရင်ခံစာကို စက်တင်ဘာလအစောပိုင်းက ပုံနှိပ်ဖော်ပြရန် စီစဉ်ခဲ့သော်လည်း ရုရှား၏ ကန့်ကွက်မှုဖြင့် နောက်ဆုတ်ခဲ့ရကြောင်း သိရသည်။

ရုရှားနိုင်ငံက အဆိုပါအစီရင်ခံစာကို ပြန်ရေးရန် ဖိအားပေးမှုများရှိခဲ့သည်ဟု အမေရိကန်ပြည်ထောင်စုက ပြောခဲ့သည်။

လုံခြုံရေးကောင်စီကော်မတီအနေဖြင့် လွတ်လပ်စွာရှိသင့်ပြီး မည်သည့်နိုင်ငံကိုမျှ ထိုသို့ပြုလုပ်ခွင့်မပေးသင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက စက်တင်ဘာ ၁၄ ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ကိုရီးယားကျွန်းဆွယ်နျူကလီးယားလက်နက်လုံးဝကင်းစင်ရေး အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ကြိုးစားမှုအတွက် အဆိုပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်သည် အဓိကအရေးပါကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ၊ အေအက်ဖ်ပီ

နိုင်ငံတကာ သတင်းတိုထွာ

ဆော်ဒီရဟတ်ယာဉ်တစ်စင်း ယီမင်တွင် ပျက်ကျမှု နှစ်ဦးသေဆုံး

ရီယာ့ဒ် စက်တင်ဘာ ၁၅
ညွန့်ပေါင်းအဖွဲ့၏ ယီမင်နိုင်ငံတွင် ဆောင်ရွက်နေသည့် စစ်ဆင်ရေးတွင် ပါဝင်သော ဆော်ဒီအာရေဗျနိုင်ငံမှ ရဟတ်ယာဉ်တစ်စင်းသည် ယီမင်နိုင်ငံတွင် ပျက်ကျခဲ့ပြီး ရဟတ်ယာဉ်ပေါ်ရှိ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း နိုင်ငံတကာ ညွန့်ပေါင်းတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။

စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်း ပျက်ကျခဲ့သည့် ရဟတ်ယာဉ်သည် ယီမင်နိုင်ငံအတွင်း အကြမ်းဖက် နှိမ်နင်းရေးနှင့် မှောင်ခိုနှိမ်နင်းရေး တာဝန်ဆောင်ရွက်နေစဉ် စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ညွန့်ပေါင်းတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလပိုင်းတွင် ယီမင်ဟူသီလက်နက်ကိုင်တပ်ဖွဲ့မှ ယီမင်နိုင်ငံမြို့တော်ကို သိမ်းပိုက်ခဲ့ပြီးနောက် သမ္မတ မန်ဆောဟာဒီသည် ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ၂၀၁၅ ခုနှစ် မတ်လပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံ ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့သည် ဟူသီလက်နက်ကိုင်တပ်ဖွဲ့အား တိုက်ခိုက်သည့် စစ်ဆင်ရေးကို စတင်ခဲ့သည်။ ညွန့်ပေါင်းတပ်ဖွဲ့၏ တိုက်လေယာဉ်များသည် ယီမင်နိုင်ငံအတွင်းရှိ တိုက်ခိုက်မှုများကို မကြာခဏ ဆောင်ရွက်လေ့ရှိကြောင်း သိရသည်။

ဆင်ဟွာ

ဟာရီကိန်းမုန်တိုင်း မြောက်နှင့်တောင်ကာရိုလိုင်းနားသို့ တိုက်ခတ် လေးဦးသေဆုံး

ဝါရှင်တန် စက်တင်ဘာ ၁၅
ဟာရီကိန်းမုန်တိုင်း ဖလောရန့်စ်သည် အမေရိကန်ပြည်ထောင်စု မြောက်ကာရိုလိုင်းနားပြည်နယ်သို့ ဝင်ရောက်သည့် အချိန်ကတည်းက အပူပိုင်းမုန်တိုင်း တစ်ခုအဖြစ်သို့ ပြောင်းလဲသွားပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြခဲ့သည်။

ဟာရီကိန်းမုန်တိုင်းဖလောရန့်စ် တိုက်ခတ်ခြင်းကြောင့် လေးဦးသေဆုံးခဲ့ပြီးရေကြီးမှုများဖြစ်ပွားခဲ့သလို မီးများလည်း ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။ ဖလောရန့်စ် မုန်တိုင်းသည် စက်တင်ဘာ ၁၄ ရက်က ဝင်ရောက်ခဲ့ပြီး ယခုအခါတွင် အနောက်မြောက်ယွန်းယွန်းသို့ တစ်နာရီလျှင် ၁၆ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားနေကြောင်း သိရသည်။

မုန်တိုင်းကြောင့် မိခင်နှင့်ကလေးငယ်တစ်ဦးအပါအဝင် လေးဦးသေဆုံးခဲ့ပြီး လမ်းများနှင့် အချို့အိမ်များ ရေမြုပ်ခဲ့ကြောင်း သိရသည်။ မြောက်နှင့်တောင်ကာရိုလိုင်းနားတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စုပေါင်း ခြောက်သိန်းကျော် မီးများပျက်သွားခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်ကလည်း အင်အားကောင်းသော ဟာရီကိန်းမုန်တိုင်းများ တိုက်ခတ်ခဲ့ရာ တက္ကဆက်နှင့် အမေရိကန်ပိုင် ပွာတိုရီကိုရှိ ဒေသခံပေါင်းများစွာ သေဆုံးခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ပြည်တွင်းစစ်ခုနစ်နှစ်ကျော်လာတဲ့ ဆီးရီးယားအခြေအနေ

--- ထွန်းသစ် ---

ဆီးရီးယားပြည်တွင်းစစ်ဟာ အခုဆိုရင် ခုနစ်နှစ်ကျော် ကာလထဲ ဝင်ရောက်လာခဲ့ပြီ ဖြစ်ပါတယ်။ သို့သော်လည်း ပြီးဆုံးသွားတယ်လို့ မကြားရသေးဘဲ ဆက်လက်ပြီး သွေးမြေကျမှုတွေ၊ ဗုံးကြဲတိုက်ခိုက်မှုတွေဟာ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်နေပါတယ်။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းမှာဖြစ်ပွားတဲ့ အကြမ်းဖက်မှုတွေကြောင့် ဒီလတစ်လတည်းမှာပဲ လူပေါင်း ၃၀၀၀၀ ကျော် ရွှေ့ပြောင်းမှုတွေလုပ်ခဲ့ရတယ်လို့ ကုလသမဂ္ဂအဖွဲ့အစည်းက ပြောခဲ့ပါတယ်။ သိသာထင်ရှားတဲ့ ကျူးကျော်တိုက်ခိုက်မှုတွေကြောင့် ရာစုတစ်စုရဲ့ အဆိုးရွားဆုံး လူသားချင်းဆိုင်ရာ ကပ်ဘေးကြီးတစ်ခုကို ဖန်တီးသလိုဖြစ်ခဲ့တယ်လို့လည်း ဆိုပါတယ်။

အစိုးရရဲ့ တိုက်ပွဲအောင်မြင်မှုတွေ မေးမှိန်လာတဲ့အချိန် အီဒလစ်ပြည်နယ်ရဲ့ အနီးဝန်းကျင်ဒေသလေးတွေကို ဆီးရီးယားသူပုန်တွေ ခြိမ်းခြောက်နေတယ်လို့ သိရပါတယ်။

ဆီးရီးယားနိုင်ငံရဲ့ အီဒလစ်

သို့သော်လည်း အခုဆိုရင် ဆီးရီးယားသမ္မတ ဘတ်ရှာ အယ်လ်အာဆတ်ဟာ အီဒလစ်ကို အာရုံစိုက်နေပြီဖြစ်ပါတယ်။ ဆီးရီးယားသမ္မတ ဘတ်ရှာ အယ်လ်အာဆတ်ရဲ့ တပ်ဖွဲ့ဟာ ဒီလအစောပိုင်းကစပြီး လူနေထူထပ်တဲ့ အီဒလစ်ပြည်နယ်ကို ဗုံးမိုးတွေရွာသွန်းတာ မစဲသလောက်ပါပဲ။

စက်တင်ဘာ ၁ ရက်မှ ၉ ရက်အထိ အီဒလစ်ပြည်နယ်အတွင်းနဲ့ ယင်းနဲ့ကပ်နေတဲ့ ဟာမားပြည်နယ် အစိတ်အပိုင်းတွေမှာ ရွှေ့ပြောင်းသူတွေ ခန့်မှန်းခြေအားဖြင့် ၃၀၄၅၂ ဦးလောက်ရှိတယ်လို့ ကုလသမဂ္ဂလူသားချင်းဆိုင်ရာ ညှိနှိုင်းတိုင်ပင်ရေးအေဂျင်စီက မကြာသေးမီက ပြောပါတယ်။

"မကြာသေးမီက အကြမ်းဖက်မှုတွေ မြင့်တက်လာတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အတော်လေး စိုးရိမ်မိတယ်။ အကြမ်းဖက်မှုတွေမြင့်တက်လာတာနဲ့အညီ အဲဒီဒေသမှာ လူဦးရေ ၃၀၀၀၀ ကျော် ရွှေ့ပြောင်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ တစ်ခုခုကို အနီးကပ်ထိန်းချုပ်သွားရတော့မယ်"လို့ ကုလသမဂ္ဂလူသားချင်းဆိုင်ရာ ညှိနှိုင်းတိုင်ပင်ရေးအေဂျင်စီမှ တာဝန်ရှိသူ ဒေးဗစ်ဆွမ်ဆန်းက ပြောပါတယ်။

လူထောင်ပေါင်းများစွာ ရွှေ့ပြောင်းခိုလှုံရေးစခန်းမှာ ခိုလှုံနေကြ

လူထောင်ပေါင်းများစွာ တူရကီနယ်စပ်နဲ့ထိစပ်နေတဲ့ ဆီးရီးယားမြောက်ပိုင်းကို ပြေးလွှားနေကြပြီး အဲဒီမှာတစ်ဝက်လောက်ကရွှေ့ပြောင်းခိုလှုံရေးစခန်းတွေမှာ ခိုလှုံနေကြပြီး အခြားသူတွေကတော့ ဒေသခံမိသားစုတွေနဲ့ ရောနှောနေသလို အချို့က အခန်းတွေ ငှားနေကြတယ်လို့ သိရပါတယ်။

မကြာသေးမီရက်ပိုင်းက နေရာတိုင်းမှာ ဖြစ်ပွားနေတဲ့ ဗုံးဒဏ်ကို ကြောက်ရွံ့ကာ ရွှေ့ပြောင်းမိသားစုဒါဇင်ပေါင်းများစွာ နယ်စပ်ကို ထွက်ပြေးနေတာ တွေ့မြင်ရတယ်လို့ အီဒလစ်မှာရှိတဲ့ အေအက်ဖ်ပီသတင်းထောက်တစ်ဦးက ပြောပါတယ်။

လွန်ခဲ့တဲ့ရက်အနည်းငယ်ကလည်း အီဒလစ်ပြည်နယ်ကိုဖြတ်ပြီး ဖောက်ထားတဲ့ အဝေးပြေးလမ်းပေါ်မှာ မြောက်ဘက်ကို ဦးတည်သွားနေတဲ့ မိသားစုတွေ၊ သိုးအုပ်တွေလည်း မနည်းမနောပါ။

စစ်ပွဲကြောင့် ဒေသတွင်းပြောင်းရွှေ့မှုအတော်များများ ပြုလုပ်ပြီးနောက် အဘူဂျက်ဆင်နဲ့ သူ့မိသားစုဟာ နောက်ဆုံး တောင်ပိုင်းခန်ရှိတ်ခွန်မြို့အနီးဖြစ်ပွားတဲ့ ဗုံးကြဲတိုက်ခိုက်တွေက လွတ်မြောက် ထွက်ပြေးနေရတယ်လို့ ပြောကြားခဲ့ပါတယ်။

"သူတို့တွေ လက်နက်ကြီးလေးခုနဲ့ ပစ်တယ်။ ဒါကြောင့် ကျွန်တော်တို့တွေ ကျွန်တော်တို့ရဲ့ သိုးအုပ်တွေနဲ့ ထွက်ပြေးခဲ့တယ်"လို့ သူက ပြောပါတယ်။ လုံခြုံတဲ့ ဘယ်နေရာမဆိုကျွန်တော်တို့ သွားမှာပဲလို့လည်း အသက် ၃၀ ကျော်ရှိတဲ့ အဘူဂျက်ဆင်က ဆိုပါတယ်။

ခုနစ်နှစ်ကျော် ဆီးရီးယားပြည်တွင်းစစ်

အီဒလစ်နဲ့ အနီးဝန်းကျင်ဒေသတွေကို အစိုးရရဲ့ပြင်းပြင်းထန်ထန်တိုက်ခိုက်မှုတွေကြောင့် လူပေါင်းရှစ်သိန်းနီးပါး ရွှေ့ပြောင်းမှုတွေ ပြုလုပ်ခဲ့ကြတယ်လို့ ကုလသမဂ္ဂက ပြောပါတယ်။

စစ်ဖြစ်ပွားတဲ့ဒေသမှာ လူပေါင်းသုံးသန်းလောက်နေထိုင်ကြပြီး ပြည်တွင်းစစ် ခုနစ်နှစ်ကျော်ထဲဝင်ရောက်လာတဲ့ အခုအခါမှာတော့ ထက်ဝက်ကျော်လောက် ရွှေ့ပြောင်းမှုပြုပြီးဖြစ်တယ်လို့ သိရပါတယ်။ အချို့မှာလည်း အသက်ရှင်ဖို့ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေအပေါ် မှီခိုနေရတယ်လို့ ပြောပါတယ်။

ရက်သတ္တပတ်ပေါင်းများစွာ ရုရှားနဲ့ အီရန်နောက်ခံထားတဲ့ အစိုးရတပ်ဖွဲ့တွေဟာ အီဒလစ်နယ်ပယ် ဒေသတွေကို လေကြောင်း ဗုံးကြဲတိုက်ခိုက်မှုတွေ၊ လက်နက်ကြီးတွေနဲ့ ပစ်ခတ်မှုတွေ၊ ရှပ်ပြေးဗုံးကြဲမှုတွေ မကြာခဏပြုလုပ်ခဲ့ပါတယ်။

> ❑ စစ်ဖြစ်ပွားတဲ့ဒေသမှာ လူပေါင်းသုံးသန်းလောက်နေထိုင်ကြပြီး ပြည်တွင်းစစ်ခုနစ်နှစ်ကျော်ထဲ ဝင်ရောက်လာတဲ့ အခုအခါမှာတော့ ထက်ဝက်ကျော်လောက် ရွှေ့ပြောင်းမှုပြုပြီးဖြစ်တယ်လို့ သိရပါတယ်။ အချို့မှာလည်း အသက်ရှင်ရန် လူသားချင်းစာနာထောက်ထားမှု အကူအညီများအပေါ် မှီခိုနေရတယ်လို့ ဆိုပါတယ်။
>
> ❑ ဆီးရီးယားနိုင်ငံရဲ့ ပြဿနာတွေကို နောက်ထပ်လအနည်းငယ်အထိ အချိန်ထပ်ဆွဲစရာမလိုဘဲ ချက်ချင်းကိုင်တွယ်ဖြေရှင်းဖို့လိုကြောင်း၊ အကယ်၍ အချိန်အနည်းငယ်ထပ်ဆွဲခဲ့ပါက ဆီးရီးယားနိုင်ငံရဲ့ ပြဿနာတွေဟာ ၂၁ ရာစုမှာ အသက်ပေါင်းများစွာ သေဆုံးခဲ့တဲ့ အဆိုးရွားဆုံးလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးကြီးတစ်ခု ဖြစ်လာမှာဖြစ်

ဗုံးတွေကတော့ ဆက်လက်ကြဲနေဆဲ

ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်ရဲ့ ကံကြမ္မာနဲ့ပတ်သက်ပြီး အီရန်နဲ့ တူရကီတို့ပါဝင်ဆွေးနွေးထားတဲ့ ဆွေးနွေးပွဲရလဒ်ကို ရုရှားက အင်္ဂါနေ့နှောင်းပိုင်းမှာ ကုလသမဂ္ဂလုံခြုံရေး ကောင်စီကို တင်သွင်းခဲ့တယ်လို့ ဆိုပါတယ်။ သို့သော်လည်းပဲ ဗုံးတွေကတော့ ဆက်လက်ကြဲနေဆဲဖြစ်နေပါသေးတယ်။

ဆီးရီးယားပဋိပက္ခ အတွင်းမှာ လူပေါင်း ၃၅၀၀၀၀ ထက်မနည်းသေဆုံးခဲ့သလို လူပေါင်းသန်းချီအိုးပစ်အိမ်ပစ် ထွက်ပြေးကြရပါတယ်။ ထို့အတူပဲ ကုလသမဂ္ဂကတော့ အီဒလစ်ပြည်နယ်ကို အလုံးအရင်းနဲ့တိုက်ခိုက်တာဟာ မခန့်မှန်းနိုင်တဲ့ ဘေးဒုက္ခတွေခံစားရနိုင်တယ်လို့ ပြောပါတယ်။

ဆီးရီးယားနိုင်ငံရဲ့ ပြဿနာတွေကို နောက်ထပ်လအနည်းငယ်အထိအချိန်ထပ်ဆွဲစရာမလိုဘဲ ချက်ချင်းကိုင်တွယ်ဖြေရှင်းဖို့လိုကြောင်း၊ အကယ်၍အချိန်အနည်းငယ်ထပ်ဆွဲခဲ့ပါက ဆီးရီးယားနိုင်ငံရဲ့ ပြဿနာတွေဟာ ၂၁ ရာစုမှာ အသက်ပေါင်းများစွာ သေဆုံးခဲ့တဲ့ အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးကြီးတစ်ခုဖြစ်လာမှာဖြစ်ကြောင်း လူသားချင်းဆိုင်ရာစာနာထောက်ထားမှုအကြီးအကဲ မာ့ခ်လိုးကော့ခ်က ဂျီနီဗာမှာ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

အီဒလစ်ပြည်နယ်ထဲမှာ အကြမ်းဖက်အုပ်စုက သူပုန်တွေနဲ့ တိုက်ခိုက်ရေးသမားတွေအများကြီးရှိကြောင်း၊ အရပ်သားအနည်းငယ်မျှသာရှိကြောင်းနဲ့ ရှိတဲ့ အရပ်သားတွေကလည်း အမျိုးသမီးတွေနဲ့ ကလေးငယ်တွေသာဖြစ်ကြောင်း သူက ပြောပါတယ်။ အီဒလစ်ပြည်နယ်ကို ဟာရက်တာရာအယ်လ်ရှန် (အိတ်ချ်တီအက်စ်)အကြမ်းဖက်အဖွဲ့က ထိန်းချုပ်ထားကြောင်းသိရပြီး တစ်ချိန်တုန်းက အဲဒီအဖွဲ့ဟာ အယ်လ်ခိုင်ဒါနဲ့ ဆက်နွှယ်မှုရှိကြောင်းလည်း သိရပါတယ်။

ရွှေ့ပြောင်းလူတွေတိုးပွားလာ

အစိုးရတပ်ဖွဲ့များက နိုင်ငံတစ်ဝန်း စစ်ပွဲအောင်နိုင်ရေးများ အဆက်မပြတ်ဆင်နွှဲခဲ့တာကြောင့် သူပုန်တွေနဲ့ အရပ်သားထောင်ပေါင်းများစွာဟာ အီဒလစ်ပြည်နယ်ကို ကားတွေနဲ့ ပြောင်းရွှေ့မှုတွေ ပြုလုပ်ခဲ့ကြတဲ့အခါ အဲဒီပြည်နယ်မှာရှိတဲ့ လူဦးရေဟာ များပြားလာခဲ့ပါတယ်။

အစိုးရရဲ့ နိုင်ငံတစ်ဝန်း ဗုံးကြဲတိုက်ခိုက်မှုတွေဟာ အရှိန်အဟုန်ပြင်းထန်လာတဲ့အခါမှာတော့ ဗုံးဒဏ်အောက်မှာ အရပ်ဘက်အဆောက်အအုံတွေလည်း အတုံးအရုံးလဲပြိုပျက်စီးခဲ့ရပါတယ်။

အနည်းဆုံးဆေးရုံနှစ်ရုံနဲ့ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေတဲ့ ကယ်ဆယ်ရေးစင်တာနှစ်ခုလည်း ဗုံးဒဏ်ထိမှန်ခဲ့တယ်လို့ ဗြိတိန်အခြေစိုက်ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့နဲ့ ဆေးဝါးကုသမှုနဲ့ ကယ်ဆယ်ရေးအဖွဲ့တွေရဲ့အဆိုအရ သိရပါတယ်။

ဆီးရီးယားအရေး သုံးဦးဆိုင်ဆွေးနွေး

ဆီးရီးယားပဋိပက္ခအရေး သုံးဦးဆိုင်ကိုယ်စားလှယ်တွေကတော့ ရုရှားမဟာမိတ်အစိုးရအဖွဲ့၊ အီရန်နဲ့ တူရကီထောက်ခံသူပုန်အဖွဲ့တွေပဲဖြစ်ပြီး လွန်ခဲ့တဲ့ ရက်သတ္တပတ်က အီဒလစ်ပြည်နယ်တည်ငြိမ်ဖို့အရေး ဆွေးနွေးခဲ့ပေမယ့်လည်း ဘယ်လိုမျိုးတည်ငြိမ်အောင်လုပ်မလဲဆိုတဲ့ အချက်တွေနဲ့ပတ်သက်ပြီး အသေးစိတ်မထွက်ပေါ်လာသေးဘူးလို့လည်း သိရပါတယ်။

သုံးနိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်အဖွဲ့တွေဟာ အင်္ဂါနေ့က ဂျီနီဗာမှာ ကုလသမဂ္ဂရဲ့ ဆီးရီးယားသံတမန် စတက်ဖန်ဒီမစ်တူရာနဲ့ တွေ့ဆုံခဲ့တယ်လို့သိရပါတယ်။ အဲဒီလိုတွေ့ဆုံခဲ့တဲ့အခါ ရုရှားက သူပုန်တွေအနေနဲ့ သူတို့နားမှာ တပ်စွဲထားတဲ့ ရုရှားစစ်လေယာဉ်တွေကို စုံစမ်းထောက်လှမ်းတဲ့ ကိစ္စရပ်တွေမှာ လက်နက်တပ်ဆင်ထားတဲ့ မောင်းသူမဲ့ယာဉ် (ဒရုန်း)တွေကို အသုံးမပြုစေချင်သလို ဆီးရီးယားဒုက္ခသည် သုံးသန်းကျော်လက်ခံထားတဲ့ တူရကီကလည်း ကျူးကျော်တိုက်ခိုက်မှုတွေကို မလုပ်စေချင်ပါဘူးတဲ့။ ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်ရဲ့ အခြေအနေဟာ ဘယ်လိုရှေ့ဆက်ဖြစ်မလဲ၊ ပြည်တွင်းစစ် ခုနစ်နှစ်ကျော် ဝင်ရောက်လာတဲ့အချိန်မှာ အီဒလစ်ပြည်ဟာ အေးချမ်းတော့မှာလား၊ ဒီထက်ပိုဆိုးမလား ဆိုတာကတော့ ဆက်လက်စောင့်ကြည့်သွားရဦးမှာပဲ ဖြစ်ပါကြောင်း။ ။

ကိုးကား - အေအက်ဖ်ပီ

ကိုယ်ဝန်ဆောင်နှင့်ကလေးများအား ငွေကြေးထောက်ပံ့ရေး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်ဆွေးနွေး

ဘားအံ စက်တင်ဘာ ၁၅

ကရင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာမည့် အသက် နှစ်နှစ်အောက် ကလေးငယ်များအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၄ ရက်ကပြုလုပ်သည့်ပြည်နယ်အစိုးရ၊လူမှုဝန်ထမ်းဦးစီးဌာန၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့များပါဝင်သော ငွေကြေးထောက်ပံ့ပေးရေးအစီအစဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ငွေကြေးထောက်ပံ့ရေး လုပ်ငန်းအစီအစဉ်များနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းကာ ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အစီအစဉ်အရ ယခုနှစ် အောက်တိုဘာ ၁ ရက်တွင်ရှိသော ကိုယ်ဝန်ဆောင်မိခင်များအားလုံးနှင့် ယင်းနေ့နှင့်နောက်ပိုင်းတွင် မွေးဖွားလာသော ကလေးငယ်အားလုံးကို တစ်လလျှင် ငွေကြေးကျပ် ၁၅၀၀၀ နှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးမည်ဖြစ်ပြီး ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းစာအုပ်နှင့် ကလေးသူငယ်များအတွက် ကာကွယ်ဆေးထိုးမှတ်တမ်းနှင့် မွေးစာရင်းကို ပြသနိုင်ရမည်ဖြစ်ကာ အာဟာရနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပညာပေးအစီအစဉ်များကို ရရှိမည်ဖြစ်သည်။

အဆိုပါ ငွေကြေးထောက်ပံ့ပေးမည့်အစီအစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက် ဦးစားပေးလုပ်ငန်း(၈)ရပ်ထဲမှ အစီအစဉ်တစ်ရပ်အနေဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို ကရင်ပြည်နယ်အတွင်း ဆောင်ရွက်ပေးနိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ကရင်ပြည်နယ် တိုင်းရင်းသားလက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ ကျန်းမာရေးဌာနတာဝန်ခံ ဒေါက်တာမာတာက တိုင်းရင်းသားဒေသများတွင် မွေးစာရင်း၊ ကာကွယ်ဆေးထိုးမှတ်တမ်းနှင့် ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်းများသည် ရှားပါးသည့်အရာဖြစ်ကြောင်း၊ ဝေးလံခေါင်းပါးသည့်အရပ်ဒေသတွင်ရှိကြသည့် ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးများအတွက် ကူညီနိုင်မည့်အခွင့်အလမ်းများ ရှိမည်ဆိုပါက မိတ်ဖက်အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ပူးပေါင်းပါဝင်ကူညီရန် အသင့်ရှိပါကြောင်း အဆိုပါညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

အဆိုပါ ငွေကြေးထောက်ပံ့ပေးမည့် အစီအစဉ်ကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဌာနတို့အပါအဝင် ဌာနဆိုင်ရာများ ပူးပေါင်းကာ ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကျေးလက်နေပြည်သူများနှင့်တွေ့ဆုံ

ဒီးမော့ဆို စက်တင်ဘာ ၁၅

ကယားပြည်နယ် ဆင်တောင်ကျေးရွာအုပ်စုအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်အစိုးရ တာဝန်ရှိသူများက အဆိုပါကျေးရွာမှ ဒေသခံပြည်သူများနှင့် စက်တင်ဘာ ၁၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆင်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ကျောင်းထိုင်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ထံမှ သြဝါဒခံယူသည်။ ထို့နောက် ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာနေပြည်သူလူထုအနေဖြင့် မိမိတို့ကျေးရွာများ၏ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း အမှာစကားပြောကြားပြီး ဒေသခံပြည်သူများက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူအကျိုးအတွက် တင်ပြရန်ရှိသည်များကို တင်ပြဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများတင်ပြသည့် ကပွါယ်ခူကျေးရွာ ရေပေးဝေမြောင်း တံတားဆောက်လုပ်ရန် ကျပ် ၃၂ သိန်း၊ ကပွါယ်ခူကျေးရွာ ရေပေးမြောင်းဘေး မူလရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်းအတွက် ကျပ် ၂၆ သိန်း၊ လီဝိုးဆည် ရေပေးဝေရေးမြောင်း ရေတံခါးတပ်ဆင်ခြင်းအတွက် ကျပ် ၃၈၃၀၀၀၀၊ ဆင်တောင်ကျေးရွာ စာသင်ကျောင်းအတွင်း ဂါလန် ၃၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်းနှင့် ရေမော်တာတစ်လုံးတပ်ဆင်ခြင်းအတွက် ကျပ် ၃၅ သိန်း၊ ဆင်တောင်ကျေးရွာ မီးလိုင်းတိုးချဲ့ခြင်းအတွက် ရန်ပုံငွေကျပ် ၁၁ သိန်းနှင့် ကပွါယ်ခူကျေးရွာမှ ထရန်စဖော်မာ ရေနစ်မြုပ်မှုမရှိစေရန် ပြန်လည်မြှင့်တင်ခြင်းအတွက် ကျပ်ရှစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ကယားပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမှန်တကယ်လိုအပ်သည့်လုပ်ငန်းများဖြစ်စေရန်နှင့် ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးနိုင်ရန်အတွက် ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာများအထိ အရောက်သွားပြီး ပြည်သူတို့၏အသံ၊ တင်ပြချက်များကို နားထောင်ကာ ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေး လုပ်ဆောင်ပေးခြင်းနှင့် လတ်တလောဆောင်ရွက်ပေးရမည့် ကိစ္စများကို ဘဏ္ဍာရေးစည်းမျဉ်းများအတိုင်း အချိန်နှင့်တစ်ပြေးညီ ဖော်ဆောင်ပေးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရီရယ်(ဒီးမော့ဆို)

ချင်းပြည်နယ် အလုပ်အကိုင်အခွင့်အလမ်းပြပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် တက်ရောက်

ဟားခါး စက်တင်ဘာ ၁၅

ချင်းပြည်နယ်အတွင်းမှလူငယ်များ အလုပ်အကိုင်ဆိုင်ရာ သတင်းအချက်အလက်နှင့် ဗဟုသုတများကို ပိုမိုသိရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန် ရည်ရွယ်၍ ချင်းပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ချင်းလူ့အခွင့်အရေးအဖွဲ့(CHRO)တို့ ကြီးမှူးကျင်းပသော ချင်းပြည်နယ် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ(Job Fair 2018)ကို စက်တင်ဘာ ၁၅ ရက်က ဟားခါးမြို့ကာဆင်ခန်းမ၌ ကျင်းပသည်။

ပြပွဲကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ခေတ်တွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုပြဿနာသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်နေသည့်အလျောက် နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရာတွင် အလုပ်လုပ်ကိုင်နိုင်သူတိုင်း အလုပ်အကိုင်ရရှိရန်နှင့် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရေး ကိစ္စများသည်လည်း အဓိကအခန်းကဏ္ဍဖြစ်ကြောင်း၊ ချင်းပြည်နယ်တွင် စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်ကြီးများ မဖွင့်လှစ်နိုင်သေးသဖြင့် အလုပ်လိုချင်သူများနှင့် အလုပ်သမားလိုအပ်နေသူများ တစ်နေရာတည်း၌ တွေ့ဆုံနိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူးက အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ပြခန်းများကို လိုက်လံကြည့်ရှု အားပေးခဲ့သည်။

အဆိုပါ ချင်းပြည်နယ် အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် အလုပ်ခေါ်ယူမည့်ကုမ္ပဏီများက ပြခန်းများဖွင့်လှစ်၍ အလုပ်အကိုင်များခေါ်ယူခဲ့ကာ အလုပ်ရှာလိုသည့်လူငယ်များက လာရောက်ကြည့်ရှု လျှောက်ထားခဲ့ကြသလို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ပြပွဲသို့ တက်ရောက်အားပေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

ကျေးလက်ဒေသ အခြေခံလျှပ်စစ်ကျွမ်းကျင်မှု ရွှေ့လျားသင်တန်းဆင်းပွဲသို့ ပြည်နယ်ဝန်ကြီးတက်ရောက်

မြစ်ကြီးနား စက်တင်ဘာ ၁၅

စက်မှုဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် မြစ်ကြီးနားမြို့၌ ဖွင့်လှစ်ပေးခဲ့သည့် ကျေးလက်ဒေသ အခြေခံလျှပ်စစ်ကျွမ်းကျင်မှု ရွှေ့လျားသင်တန်းအမှတ်စဉ်(၁/၂၀၁၈) ဆင်းပွဲကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ စက်တင်ဘာ ၁၄ ရက်က ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး၊ မျိုးဆက်သစ် လျှပ်စစ်ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရေးနှင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ ခုမှ ဒေသခံ သင်တန်းသား ၁၂၁ ဦးအား သြဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ သင်တန်းကာလ ရက်သတ္တပတ်လေးပတ်ကြာ သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းတွင် လက်တွေ့နယ်ပယ်များအတွင်း လုပ်ကိုင်နေကြသည့် စက်မှုဝန်ကြီးဌာနမှ သင်တန်းဆရာများက လျှပ်စစ်အခြေခံသဘောတရားများ၊ လျှပ်စစ်ဝိုင်ယာများ၊ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ အိမ်သုံးလျှပ်စစ်မီးများကို စစ်ဆေးခြင်း စသည်တို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်က ကျေးလက်ဒေသမီးလင်းရေးကို နိုင်ငံတော်မှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိဘဏ္ဍာနှစ်အတွင်း စက်တင်ဘာလအထိ ကျေးရွာပေါင်း ၈၆၂ ရွာ၌ မီးလင်းအောင် ဆောင်ရွက်ပေးထားသည့်အခြေအနေ၊ ကျန်ရှိသည့် ကျေးရွာပေါင်း ၁၆၈၅ ရွာတွင် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ထားမှုများနှင့် ဓာတ်အားရရှိခဲ့ပါက လျှပ်စစ်ကျွမ်းကျင်သူများ အများအပြား လိုအပ်လာမည်ဖြစ်၍ ယခုသင်တန်းက အလုပ်အကိုင်ရရှိရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်က သင်တန်းဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးက သင်တန်းတွင် ပံ့ပိုးကူညီပေးခဲ့သည့် ပြည်နယ်အခြေစိုက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဖြစ်သည့် ဘူးဂါးကုမ္ပဏီလီမိတက်သို့ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းတွင် ထူးချွန်ဆုရ သင်တန်းသားသုံးဦးအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

ထားဝယ်၌ မကူးစက်နိုင်သောရောဂါများ ကာကွယ်တိုက်ဖျက်ရေးနှင့် ပြည်သူအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း အကောင်အထည်ဖော်ခြင်းဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

ထားဝယ် စက်တင်ဘာ ၁၅

မကူးစက်နိုင်သောရောဂါများ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းနှင့် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း အကောင်အထည်ဖော်ခြင်းလုပ်ငန်းဆိုင်ရာ အသိပေးဆွေးနွေးပွဲကို ထားဝယ်မြို့ ဇေယျာထက်စံဟိုတယ်၌ စက်တင်ဘာ ၁၄ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က မြန်မာအပါအဝင် အရှေ့တောင်အာရှဒေသ နိုင်ငံများအတွင်း မကူးစက်နိုင်သောရောဂါများ ကာကွယ်တိုက်ဖျက်ရေးဆိုင်ရာများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန(နေပြည်တော်)နှင့် ဆီးချိုသွေးချိုရောဂါထိန်းသိမ်းရေး လုပ်ငန်းစီမံချက် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအတွင်း ကျန်းမာရေးနှင့်ညီညွတ်သော လူမှုနေထိုင်မှုများကို ကျင့်သုံးလာစေရန် အသိပညာဖြန့်ဝေခြင်း၊ ကျန်းမာရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နောင်အနာဂတ်တွင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားသေဆုံးမှု လျော့နည်းလာအောင် ကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်းနှင့် ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးစီမံချက်မှ စီမံချက်မန်နေဂျာ ပါမောက္ခဦးကိုကိုတို့က မကူးစက်နိုင်သောရောဂါများ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းနှင့် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း အကောင်အထည်ဖော်ခြင်းဆိုင်ရာများကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ပြည်သူလူထုအတွင်း မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားသေဆုံးမှုအန္တရာယ် ကြီးမားလာပုံကို ပြည်သူများ ပိုမိုသိရှိ သတိမူလာနိုင်ရန်နှင့် ကျန်းမာရေးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် ပြည်သူများက လိုအပ်သောကူညီမှုများ ပေးနိုင်ရန်၊ ပြည်သူလူထုအတွင်း မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းလာရန် ရည်ရွယ်ချက်များဖြင့် ဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

စက်သုံးဆီဈေးမြင့်နေခြင်းကို လျှော့ချနိုင်ရေးအတွက် ရေနံဓာတုဗေဒလုပ်ငန်းမှ အရန်သိုလှောင်ဆီများ ရောင်းချပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၅

ပြည်တွင်းစက်သုံးဆီဈေးနှုန်း ကြီးမြင့်နေခြင်းကို လျှော့ချနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ဝန်ကြီးဌာနလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပုရာကန်)မှ ဒီဇယ် ဂါလန်နှစ်သန်းနှင့် စတုတ္ထအကြိမ်အဖြစ် ဓာတ်ဆီ ဂါလန်သုံးသန်းကိုလည်းကောင်း၊ ရေနံချက်စက်ရုံ(သံပုရာကန်၊ ချောက်)နှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး၊ ညောင်တုန်း)တို့မှ ချက်လုပ်ထွက်ရှိသော ဓာတ်ဆီများကို အရန်သိုလှောင်စုဆောင်းရရှိသည့် ပမာဏအပေါ် မူတည်၍လည်းကောင်း မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းသို့ ယခုလအတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဆီဈေးနှုန်းကြီးမြင့်မှုကို လျှော့ချရန်

"စက်သုံးဆီဈေးနှုန်းကြီးမြင့်တဲ့ အနေအထားကို လျှော့ချပေးဖို့ဆိုတာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှာ အဓိကချက်လုပ်နေတဲ့ မန်းသံပုရာကန် ရေနံချက်စက်ရုံရှိပါတယ်။ အဲဒီကထွက်ရှိတဲ့ ဓာတ်ဆီနဲ့ ဒီဇယ်ပမာဏ အရန်သိုလှောင်ထားတာရှိပါတယ်၊ အခုအချိန်မှာ ကမ္ဘာ့ရေနံဈေး တက်လာတဲ့အတွက်ကြောင့် တက်လာတဲ့ ဈေးကွက်အပေါ် မူတည်ပြီးတော့ တင်သွင်းရောင်းချပါတယ်၊ ရောင်းချတဲ့နေရာမှာလည်း ကမ္ဘာ့ဈေးနှုန်းတက်လာတဲ့အတွက်ကြောင့် အထိုက်အလျောက် ဈေးနှုန်းတက်လာရင်းနဲ့ တစ်လီတာကို တစ်ထောင်ကျော်အထိ ဖြစ်လာပါတယ်၊ အဲဒီလိုဖြစ်လာတဲ့ပမာဏမှာ ဓာတ်ဆီကို မော်တော်ဆိုင်ကယ်နဲ့ မော်တော်ယာဉ်ငယ်တွေသုံးဖို့ အဓိကရည်ရွယ်ပြီးတော့ အခုဆိုရင် လေးကြိမ်မြောက်အဖြစ် ဓာတ်ဆီ ဂါလန်သုံးသန်းကို မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းကို ရောင်းချသွားမှာဖြစ်ပါတယ်၊ အဲဒီကမှတစ်ဆင့် ဆိုင်တွေကို ဖြန့်ဖြူးရောင်းချပေးသွားမှာဖြစ်ပါတယ်၊ ဒီဇယ်ကတော့ အရန်ဆီပမာဏထဲကနေ ရောင်းချပေးသွားမှာဖြစ်ပါတယ်"ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ပြောသည်။

ဖြန့်ဖြူးရောင်းချမည့်ဈေးနှုန်း

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် ဓာတ်ဆီကို တစ်ဂါလန်လျှင် ကျပ် ၃၆၀၀ နှုန်းဖြင့် ရောင်းချပေးပြီး မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှတစ်ဆင့် ဝယ်ယူမည့် စက်သုံးဆီအရောင်းဆိုင်များသည် ကျပ် ၃၉၅၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ ဒီဇယ်များကိုလည်း တစ်ဂါလန်လျှင် ကျပ် ၄၀၀၀ နှုန်းဖြင့် ရောင်းချပေးပြီး မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှတစ်ဆင့် ဝယ်ယူမည့် စက်သုံးဆီအရောင်းဆိုင်များသည် ကျပ် ၄၄၀၀ နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အထိုက်အလျောက်ထိန်းနိုင်

"စက်သုံးဆီဈေးနှုန်း အထိုက်အလျောက်တက်လာတဲ့ အချိန်မှာ ခုလိုဈေးကွက်ထဲကို စီးဆင်းတဲ့အခါ တက်သင့်သလောက်မတက်ဘဲ အထိုက်အလျောက်တော့ ထိန်းသွားပါတယ်၊ ဥပမာ လက်ရှိဈေးကွက်ထဲကို ၁၀ ရာခိုင်နှုန်း စီးဝင်သွားရင် ၁၀ ရာခိုင်နှုန်းလောက်တော့ သက်သာမှာဖြစ်ပါတယ်၊ အခုလိုသာ လက်ကျန်ထဲကဖဲ့ပြီးတော့ မရောင်းပေးဘူးဆိုရင် ဒီထက်ပိုပြီး ဈေးတက်မှာဖြစ်ပါတယ်၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းက တင်သွင်းနေတဲ့ဈေးနှုန်းက ဘယ်လောက်ကြီးတယ်ဆိုတာ သိပါတယ်၊ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာသုံးနေတဲ့ ဓာတ်ဆီဆိုရင် တစ်လကို ဂါလန်သန်း ၄၀ လောက်သုံးတယ်၊ ဒီဇယ်ဆို ဂါလန်သန်း ၇၀ လောက်သုံးတယ်၊ သို့သော်လည်း ကျွန်တော်တို့ထုတ်လုပ်နိုင်တဲ့ ပမာဏက ဓာတ်ဆီဆိုရင် ငါးရာခိုင်နှုန်း၊ ဒီဇယ်ဆိုရင် ခုနစ်ရာခိုင်နှုန်းလောက် ရှိတဲ့အတွက် ငါးရာခိုင်နှုန်းဖိုးလောက် သက်သာသွားမှာဖြစ်ပါတယ်၊ အထိုက်အလျောက်ပဲ သက်သာအောင် လုပ်ပေးလို့ရပါတယ်၊ ကျွန်တော်တို့ဌာနကနေ ဆီတွေကို မျှမျှတတဖြန့်ပေးတဲ့အတွက် ဆိုင်တွေမှာ အပြိုင်အဆိုင်ရောင်းချကြတဲ့အတွက် ဈေးကြီးသင့်သလောက် မကြီးပါဘူး"ဟု ဦးဆောင်ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

ရေရှည်ကုစားမည့်နည်းလမ်း

"ဆီလက်ကျန်ရှိသရွေ့တော့ ကျွန်တော်တို့ဌာနက ရောင်းချပေးသွားမှာဖြစ်ပါတယ်၊ ကိုယ့်မှာရှိတဲ့ပမာဏကနေ နိုင်ငံတော်လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့နဲ့ အနာဂတ်မှာ စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုကို ဖြေရှင်းနိုင်ဖို့အတွက် တစ်နှစ်ကို စက်သုံးဆီ တန်ချိန်ငါးသန်းလောက် ချက်လုပ်ရာကနေ တန်ချိန် ခုနစ်သန်းခွဲ၊ ၁၀ သန်းလောက်ပမာဏအထိ မျှော်မှန်းပြီးတော့ ရေနံချက်စက်ရုံကြီးကို တည်ဆောက်သွားဖို့ ဆောင်ရွက်နေပါတယ်၊ အဲဒါကတော့ ရေရှည်ကုစားမယ့် နည်းလမ်းပါ၊ ရေတိုကတော့ ကျွန်တော်တို့ထုတ်တဲ့ပမာဏကို ပြည်သူတွေထံ အကုန်ရောင်းချပေးနေပါတယ်" ဟုလည်း ဦးဆောင်ညွှန်ကြားရေးမှူးက ဆိုသည်။

Mini Refinery များ တည်ဆောက်ခွင့်

မြန်မာနိုင်ငံအတွင်း လက်ယက်တွင်းများမှထွက်ရှိသည့် ရေနံစိမ်းများကို အရည်အသွေးရှိသော စက်သုံးဆီများအဖြစ် ထုတ်လုပ်နိုင်ရန်အတွက် Mini Refinery များကို သက်ဆိုင်ရာတိုင်းဒေသကြီးများ၌ ခွင့်ပြုသည့်နေရာများတွင် တည်ဆောက်ခွင့်ပြုသွားမည်ဖြစ်ပြီး တည်ဆောက်မည့်စက်ရုံနှင့်ပတ်သက်သည့် Layout Plan Detail Design Drawing များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသို့ ပေးပို့က အဆိုပါဌာနမှ စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းလည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၅-၉-၂၀၁၈

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၃၆၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၃၆၉၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၈၅/၁၀၂၀ ကျပ်	၁၀၆၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၉၅/၁၀၃၀ ကျပ်	၁၀၇၀/၁၀၈၀ ကျပ်
အောက်တိန်း ၉၂	၉၅၅/၉၉၀ ကျပ်	၁၀၅၅/၁၀၇၀ ကျပ်
အောက်တိန်း ၉၅	၁၀၀၅/၁၀၃၅ကျပ်	၁၁၂၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၄၀ ・ ၀
ဥရောပ	တစ်ယူရို	ကျပ် ၁၈၀၀ ・ ၅
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၂၃ ・ ၉
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၂၀၁၉ ・ ၅
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၇၅ ・ ၃
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၁၀၇ ・ ၂
တရုတ်	တစ်ယွမ်	ကျပ် ၂၂၄ ・ ၉၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ ・ ၃၇၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၇ ・ ၄၇
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၇၁ ・ ၈၉
ထိုင်း	တစ်ဘတ်	ကျပ် ၄၇ ・ ၂၅၄

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

တောင်ငူမြို့နယ်၌ ကျေးရွာရေတွင်း၊ ရေကန်များ၌ တွင်းမှုတ်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်းပြုလုပ်

တောင်ငူ စက်တင်ဘာ ၁၅

